ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့ (16-4-2012) (၇၀၉၂)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ သွားရောက်မည်

နေပြည်တော်　　ဧပြီ　　၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရိုရှိဟီကို နိုဒ၏ ဖိတ်ကြားချက်အရ တိုကျိုမြို့၌ကျင်းပမည့် စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတက်ရောက်ရန်နှင့် တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ရန် မကြာမီကာလအတွင်း ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပါဝင်ဆင်နွှဲ

နေပြည်တော်　ဧပြီ　၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ယမန်နေ့ (မဟာသင်္ကြန်အကြတ်နေ့) နံနက်ပိုင်းတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် မြက်ခင်းပြင်၌ ကျင်းပသည့် ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် နံနက် ၉ နာရီ ၁၅ မိနစ်တွင် သမ္မတအိမ်တော် မြက်ခင်းပြင်ရှိ မဟာသင်္ကြန်ရေကစားမဏ္ဍပ်သို့ ရောက်ရှိလာရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် နိုင်ငံတော်သမ္မတရုံးမိသားစုများက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ အောင်စံပယ်ပန်းကုံးများဖြင့် ဂါရဝပြုကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က တက်ရောက်လာကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် တေးသံရှင်များအား ရင်းနှီးခင်မင်စွာနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သမ္မတအိမ်တော် မြက်ခင်းပြင်ရှိ မဟာသင်္ကြန် ရေကစားမဏ္ဍပ်၌ ကပြဖျော်ဖြေကြသည့် ယိမ်းအဖွဲ့ဝင်များအား အတာရေဖြင့် ပက်ဖျန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဗြိတိန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဒေးဗစ်ကင်မရွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်　ဧပြီ　၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. David Cameron ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဧပြီ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဌာနဆိုင်ရာအကြီးအကဲများ **စာမျက်နှာ ၂ ကော်လံ ၁ သို့ ❒**

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. David Cameron အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

❒ နိုင်ငံတော်သမ္မတမှ

တက်ရောက်ကြပြီး ဧည့်သည်တော် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. David Cameron ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Richard Heyn လည်း တက်ရောက်သည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ပြည်တွင်းနိုင်ငံရေးနှင့် ငြိမ်းချမ်းရေး ဖြစ်ပေါ်တိုးတက်မှုများ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧည့်သည်တော် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. David Cameron ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အထူးဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Rt.Hon. Mr. David Cameron နှင့် အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာမဟာသင်္ကြန် မဏ္ဍပ်များ

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁၅

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမြင့်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် ဌာနဆိုင်ရာများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ထားဝယ်တပ်နယ် သင်္ကြန်မဏ္ဍပ်၌ တပ်နယ်ယိမ်းအဖွဲ့များ၊ ကရင်ဒိုးယိမ်းအဖွဲ့များ၏ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမဏ္ဍပ်သို့ရောက်ရှိပြီး ယိမ်းအဖွဲ့များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆုများချီးမြှင့်ကာ နံ့သာရည်များဖြင့် အပြန်အလှန်ပက်ဖျန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမဏ္ဍပ်သို့ သွားရောက်၍ ယိမ်းအဖွဲ့များ၏ ဖျော်ဖြေမှုများကိုအားပေးကာ ဆုများချီးမြှင့်ပြီး သင်္ကြန်ပွဲတော်တက်ရောက်လာကြသူများနှင့် နံ့သာရည်များအပြန်အလှန် ပက်ဖျန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဧပြီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် ညနေ ၆ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမရှေ့ရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ **(အပေါ်ပုံ)** တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ယိမ်းအလှပျိုဖြူများ၊ အလှပြယာဉ်အဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီ၏ နှစ်သစ်ကူးအကြို နှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မန်းတောင်ရိပ်ခို သီချင်းဖြင့် ယိမ်းအလှပျိုဖြူလေးများက ကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက သပြေခက်များဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ယင်းနောက် အလှပြယာဉ်အဖွဲ့ ၁၁ ဖွဲ့က အလှည့်ကျဖျော်ဖြေကြပြီး ယိမ်းအလှပျိုဖြူလေးများကလည်း ပြန်လည်ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကရင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၅

၁၃၇၃ ခုနှစ် ကရင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက်တွင် ဘားအံမြို့ မြို့မနာရီစင်ရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစောအောင်ကျော်မင်းနှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၊ ပြိုင်ပွဲဝင်သင်္ကြန်ယိမ်းအဖွဲ့များ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားကာ ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များက "ရွှေမန်းမာလာ" သီချင်းဖြင့် ဖျော်ဖြေပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အတာရေ အပြန်အလှန်ပက်ဖျန်းကြကာ သင်္ကြန်ယိမ်းအဖွဲ့များကိုလည်း အတာရေပက်ဖျန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာနှင့်ရပ်ကွက် သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲများကို လှည့်လည်အားပေးကြသည်။

ဧပြီ ၁၃ ရက် (သင်္ကြန်အကျနေ့)တွင် ဗဟိုမဏ္ဍပ်၊ ဌာနဆိုင်ရာမဏ္ဍပ်များ၊ ရပ်ကွက်မဏ္ဍပ်များ၌ ဝန်ထမ်းမိသားစုများ၊ ပြည်သူများ ပျော်ရွှင်စွာရေကစားကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ လှည့်လည်အားပေးကြပြီး ညပိုင်းတွင် ဗဟိုမဏ္ဍပ်၌ ကျင်းပသည့် ယိမ်းပြိုင်ပွဲများ၊ တပင်တိုင် အကပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၁၆-၄-၂၀၁၂[တနင်္လာနေ့]။

နှစ်လိုဖွယ်ရာ အတာသင်္ကြန် ရေသဘင်ပွဲတော်

မြန်မာလူမျိုးတို့၏ ဆယ့်နှစ်လရာသီပွဲတော်များတွင် နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်သည် အထူးခြားဆုံးနှင့် အစည်ကားဆုံးဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများသည် သင်္ကြန်ပွဲတော်တွင် အခြားရာသီပွဲတော်များထက် ပျော်ရွှင်စွာဆင်နွှဲကြသည်။ မြန်မာတို့အဖို့ ရေသဘင်ပွဲကို ပျော်ရွှင်စွာဆင်နွှဲကြသကဲ့သို့ ကုသိုလ်ရေးကိုလည်း မမေ့ကြ၊ အလှူဒါနကောင်းမှုများကို ပြုကြသည်မှာ အစဉ်အလာပင်ဖြစ်သည်။

ဤသို့ အစဉ်အလာကောင်းများဖြင့် ပြည့်စုံသော နှစ်လိုဖွယ်မြန်မာ့ရိုးရာအတာသင်္ကြန်ရေသဘင်ပွဲတော်တွင် ထင်ရှားသော အနှစ်သာရများဖြစ်သည့် အတာရေသည် ကြည်လင်အေးမြခြင်း၊ အတာရေသည် အညစ်အကြေးတို့ကို ဆေးကြောသန့်စင်ခြင်း၊ ရေကိုသား၍ အကြားမထင်ဘဲ ဆက်စပ်နေခြင်းဟူသော ရေစင်၏ ကြည်လင်အေးမြသော နိမိတ်သုံးပါးကို ယူ၍ သင်္ကြန်ရေကစားခြင်းဖြစ်သည်။

ထိုသင်္ကြန်ရေနိမိတ်ဖြင့် ရေပက်ဖျန်းကစားကြခြင်းဖြင့် မြန်မာပြည်သူပြည်သားအပေါင်းတို့၏ စိတ်ဓာတ်များသည် နှစ်သစ်ကူးရေစင်ကဲ့သို့ အေးမြကြည်လင်လန်းဆန်းစေခြင်း၊ နှစ်ဟောင်းမှအညစ်အကြေးများကို နှစ်သစ်သို့ မပါလာစေရအောင် ဆေးကြောသန့်စင်စေခြင်း၊ ပြည်သူတစ်ရပ်လုံး ရေကိုသား၍ အကြားမထင်သကဲ့သို့ စည်းလုံးညီညွတ်စေခြင်းတည်းဟူသော မွန်မြတ်သည့်ရည်ရွယ်ချက် သဘောလက္ခဏာများကို ဆောင်စေပေသည်။

ထိုကဲ့သို့ သင်္ကြန်အင်္ဂါရပ်၏သဘောလက္ခဏာရပ်များကို ဆောင်စေရန်အတွက် သင်္ကြန်ရေပက်ဖျန်းခြင်းနှင့်အတူ သင်္ကြန်၏ ကောင်းမြတ်သော ကုသိုလ်အမှုများဖြစ်သည့် အလှူဒါနပွဲများ ခြိမ့်ခြိမ့်သဲသဲဆင်နွှဲကြခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ရဟန်းသံဃာတော်များအား ဆွမ်းဘောဇဉ်များ ကပ်လှူခြင်း၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရေသပ္ပာယ်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဗုဒ္ဓတရားတော်များကို နာကြားခြင်း၊ ဘုရားပုထိုးများကို ရှိခိုးပူဇော်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်းတို့ကို ပြုလုပ်ပွားများကြရမည်ဖြစ်သည်။

ထို့အပြင် ကျောင်း၊ ကန်၊ ဘုရား၊ ဇရပ်၊ တန်ဆောင်းများကို သန့်ရှင်းခြင်း၊ သက်ကြီးရွယ်အိုများအား တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ အမွှေးနံ့သာရေစင်ရေကောင်းတို့ဖြင့် ရေချိုးသန့်စင်ပေးခြင်း၊ ဘိုးဘွားမိဘ ဆရာသမားစသည်တို့အား ပူဇော်ကန်တော့ခြင်း၊ ပရိတ်တရားတော်များ နာယူခြင်း၊ ရေခန်းလုနီးပါးဖြစ်နေသော အင်းအိုင်ချောင်းမြောင်းများမှ ငါးများကိုဖမ်း၍ဖြစ်စေ၊ အသတ်ခံရတော့မည့်ဆဲဆဲ ဖြစ်နေသောငါးများကို ဝယ်ယူ၍ဖြစ်စေ၊ ရေများရာ မြစ်၊ ချောင်း၊ အင်း၊ အိုင်များထဲသို့ လွှတ်ခြင်း၊ ကျွဲ၊ နွားတိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်းစသည့် မွန်မြတ်သန့်စင်သော ကုသိုလ်ကောင်းမှုအစုစုတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။

သို့မှသာ မြတ်နိုးဖွယ်ရာ၊ နှစ်လိုဖွယ်ရာ၊ ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ဖွယ်ရာကောင်းသည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်၏အနှစ်သာရများနှင့် ကိုက်ညီသည့် ယဉ်ကျေးသိမ်မွေ့သော ရေသဘင်ပွဲတော်ဖြစ်မည်ဟု ရှုမြင်ပါသည်။ ။

○ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများနှင့် မိသားစုများနှင့်အတူ ခါသင်္ကြန်အဆိုအကများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်

အဆိုပါရေကစားမဏ္ဍပ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးတို့မှ ယိမ်းအဖွဲ့ဝင်များ၊ တေးသံရှင်များ၊ နိုင်ငံကျော်ရုပ်ရှင်အနုပညာရှင်များနှင့် တေးသံရှင်များက ခါသင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဒုတိယသမ္မတများ၊ အဖွဲ့ဝင်များနှင့် မိသားစုများနှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က သီဆိုကပြဖျော်ဖြေကြသည့် ယိမ်းအဖွဲ့ဝင်များနှင့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ သီဆိုကပြဖျော်ဖြေကြသည့် ယိမ်းအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြစဉ်။
(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ သီဆိုကပြဖျော်ဖြေကြသည့် ယိမ်းအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြစဉ်။
(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန်တို့ သမ္မတအိမ်တော် မြက်ခင်းပြင်ရှိ မဟာသင်္ကြန်ရေကစားမဏ္ဍပ်၌ ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သို့ တက်ရောက်လာကြသူများအား အတာရေဖြင့် ပက်ဖျန်းစဉ်။
(သတင်းစဉ်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်

နေပြည်တော် ဧပြီ ၁၅

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-9 တို့တွင် Geotechnical Site Investigation (GTI)Survey လုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV. MARINER (Call Sign : HO9324) ဖြင့် အောက်ဖော်ပြပါ Coordinates များ၌ ၂၀၁၂ ခုနှစ် မေ ၇ ရက်မှ ၂၆ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ကွက်အမှတ် M-3 အတွင်းရှိ အကွက်အမှတ် W-C2 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၂၅ ဒသမ ၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၆ ဒသမ ၃၆ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၂၅ ဒသမ ၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ၀၃ ဒသမ ၄၆ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၂၀ ဒသမ ၈၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ၀၃ ဒသမ ၇၀ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ်၂၀ ဒသမ ၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၆ ဒသမ ၆၀ စက္ကန့်အထိဖြစ်သည်။

လုပ်ကွက်အမှတ် M-3 အတွင်းရှိ အကွက်အမှတ် W-C4 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၈ ဒသမ ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၀၉ ဒသမ ၆၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၈ ဒသမ ၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၁၆ ဒသမ ၇၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၃ ဒသမ ၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၁၇ ဒသမ ၀၂ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၃ ဒသမ ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၀၉ ဒသမ ၉၃ စက္ကန့်အထိဖြစ်သည်။

လုပ်ကွက်အမှတ် M-3 အတွင်းရှိ အကွက်အမှတ် W-C7 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၀ ဒသမ ၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၁၅ ဒသမ ၇၃ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၀ ဒသမ ၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၂၂ ဒသမ ၈၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၄၅ ဒသမ ၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၂၃ ဒသမ ၀၆ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၄၅ ဒသမ ၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၁၅ ဒသမ ၉၆ စက္ကန့်အထိဖြစ်သည်။

လုပ်ကွက်အမှတ် M-3 အတွင်းရှိ အကွက်အမှတ် W-C8 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၉ ဒသမ ၂၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၅၃ ဒသမ ၈၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၀၉ ဒသမ ၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၀၀ ဒသမ ၉၄ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၄ ဒသမ ၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၀၁ ဒသမ ၁၆ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၄ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၅၄ ဒသမ ၀၇ စက္ကန့်အထိဖြစ်သည်။

လုပ်ကွက်အမှတ် M-3 အတွင်းရှိ အကွက်အမှတ် W-C 10 ၌ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၈ မိနစ် ၀၁ ဒသမ ၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၇ မိနစ် ၁၅ ဒသမ ၄၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၈ မိနစ် ၀၁ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၂၂ ဒသမ ၅၁ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၅၆ ဒသမ ၇၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၂၂ ဒသမ ၇၃ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၅၆ ဒသမ ၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၇ မိနစ် ၁၅ ဒသမ ၆၂ စက္ကန့်အထိဖြစ်သည်။

လုပ်ကွက်အမှတ် M-9 အတွင်းရှိ အကွက်အမှတ် ZWP-04 ၌ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ် ၄၁ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၀၄ ဒသမ ၈၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ် ၄၁ ဒသမ ၇၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၈ ဒသမ ၁၇ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၃၁ ဒသမ ၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၈ ဒသမ ၂၆ စက္ကန့်၊ Point D မြောက် လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၃၁ ဒသမ ၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၀၄ ဒသမ ၉၁ စက္ကန့်အထိဖြစ်သည်။

လုပ်ကွက်အမှတ် M-9 အတွင်းရှိ အကွက်အမှတ် ZWP-05 ၌ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၃၇ ဒသမ ၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၅၃ ဒသမ ၁၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၃၇ ဒသမ ၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၃ မိနစ် ၀၆ ဒသမ ၆၉ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃ မိနစ် ၂၇ ဒသမ ၂၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၃ မိနစ် ၀၆ ဒသမ ၆၆ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃ မိနစ် ၂၇ ဒသမ ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၅၃ ဒသမ ၀၉ စက္ကန့်အထိဖြစ်သည်။

လုပ်ကွက်အမှတ် M-9 အတွင်းရှိ အကွက်အမှတ် ZWP-06 ၌ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၃၃ ဒသမ ၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၇ ဒသမ ၈၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၃၃ ဒသမ ၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၃၁ ဒသမ ၃၁ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ မိနစ် ၂၃ ဒသမ ၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၃၁ ဒသမ ၃၈ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ မိနစ် ၂၃ ဒသမ ၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၇ ဒသမ ၉၇ စက္ကန့်အထိဖြစ်သည်။

အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီက မြို့နယ်မျက်နှာစုံညီအစည်းအဝေးများ ကျင်းပရန် နှိုးဆော်

ရန်ကုန် ဧပြီ ၁၅

မတ် ၂၄ ရက်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံ၏ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ စာရေးဆရာအသင်းအား သုံးလအတွင်း ဖွဲ့စည်းနိုင်ရန်အတွက်လည်းကောင်း၊ အတည်ပြုပေးခဲ့သည့် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရသော်လည်းကောင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရလည်းကောင်း မြို့နယ်မျက်နှာစုံညီအစည်းအဝေးများကျင်းပရန် ညွှန်ကြားချက်များ အသေးစိတ်ထုတ်ပြန်ပြီးဖြစ်သည်။

သို့ဖြစ်၍ မြို့နယ်အမှုဆောင်ကော်မတီများအနေဖြင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီက သတ်မှတ်ထားသည့် ၂၀၁၂ ခုနှစ် ဧပြီ ၃၀ ရက်နောက်ဆုံးထား၍ မြို့နယ်မျက်နှာစုံညီအစည်းအဝေးများကျင်းပရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

မြောက်ကိုရီးယား ဒုံးပျံအပျက်အစီးများ တောင်ကိုရီးယား တိုးမြှင့်ရှာဖွေ

ဆိုးလ် မေ ၁၅

ပစ်လွှတ်ပြီး မကြာမီ ပျက်ကျသွားသည့် မြောက်ကိုရီးယား ဒုံးပျံအပိုင်းအစများ ရှာဖွေဆယ်ယူရန် ကြိုးပမ်းမှုကို တောင်ကိုရီးယားနိုင်ငံက ဧပြီ ၁၄ ရက်တွင် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဧပြီ ၁၃ ရက်တွင် ပြုလုပ်ခဲ့သည့် မြောက်ကိုရီးယား၏ ဒုံးပျံပစ်လွှတ်မှုမှာ အောင်မြင်မှုမရှိဘဲ နှစ်မိနစ်အတွင်း ပင်လယ်ဝါ အတွင်းသို့ ပျက်ကျခဲ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

မြောက်ကိုရီးယား ဒုံးပျံသည် ပစ်လွှတ်ပြီး နှစ်မိနစ်ခန့် အကြာတွင် လေထုထဲ၌ပေါက်ကွဲခဲ့ရာ ယင်းဒုံးပျံ၏ အပျက်အစီး အပိုင်းအစများ ပင်လယ်ဝါအတွင်းသို့ ကျရောက်ခဲ့ပြီးနောက် တောင်ကိုရီးယားက ဧပြီ ၁၃ ရက်တွင် ရှာဖွေဆယ်ယူရန် စတင် ဆောင်ရွက်ခဲ့သည်။

ကြီးမားသော ဒုံးပျံအပိုင်းအစအချို့သည် ၎င်းတို့နိုင်ငံ၏ အနောက်ဘက်ကမ်းလွန် စီးပွားရေးဇုန်အတွင်းသို့ ကျရောက် ဖွယ်ရာရှိကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပိုက်စိပ်တိုက်ရှာဖွေ

အနောက်ဘက်ဆိပ်ကမ်းမြို့များဖြစ်သော ပီယောက်တက်နှင့် ဂန်းဆန်းတို့၏ ကမ်းလွန်ရေပြင်အတွင်း၌ တောင်ကိုရီးယား သင်္ဘောများက ပိုက်စိပ်တိုက်ရှာဖွေလျက် ရှိသော်လည်း ယခုအချိန်အထိ ဒုံးပျံအပိုင်းအစများ မတွေ့ရသေးကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

တရုတ်၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ စစ်သင်္ဘောများကလည်း ယင်းဒုံးပျံအပိုင်းအစများကို ဆယ်ယူရန် ရှာဖွေလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သော်လည်း အသေးစိတ် အချက်အလက်များကိုထုတ်ဖော်ခြင်း မပြုခဲ့ပေ။

စစ်သင်္ဘောတစ်ဒါဇင်ခန့်ပါဝင်

တောင်ကိုရီးယား၏ ဒုံးပျံအပိုင်းအစ ရှာဖွေဆယ်ယူရေးလုပ်ငန်းတွင် စစ်သင်္ဘောတစ်ဒါဇင်ခန့်နှင့်အတူ ရဟတ်ယာဉ်များလည်း ပါဝင်သည်ဟုဆိုသည်။

မြောက်ကိုရီးယားက ၎င်း၏ ဒုံးပျံအပျက်အစီးများကို ရှာဖွေဆယ်ယူရန် ကြိုးစားမှုမှန်သမျှသည် ပြင်းထန်သော လက်တုံ့ပြန်မှုဖြင့် ရင်ဆိုင်ရမည်ဟု လွန်ခဲ့သည့် ရက်သတ္တပတ်က သတိပေးခဲ့သော်လည်း ရှာဖွေရယူလိုသော နိုင်ငံများကမူ အလေးမထားဘဲ လုပ်ဆောင်လျက်ရှိကြသည်။ ***အင်တာနက်။***

ပါကစ္စတန်တွင် တာလီဘန်များက အကျဉ်းထောင်ကိုတိုက်ခိုက် အကျဉ်းသား ၄၀၀ နီးပါး ထွက်ပြေးလွတ်မြောက်

အစ္စလာမ္မာဘတ် မေ ၁၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ အကျဉ်းထောင်တစ်ခုကို လက်နက်ကြီးငယ်မျိုးစုံကိုင်ဆောင်ထားသည့် တာလီဘန် စစ်သွေးကြွများက တနင်္ဂနွေနေ့တွင် ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ အကျဉ်းသား ၄၀၀ နီးပါး လွတ်မြောက်သွားကြောင်း အေပီ သတင်းဌာနက ဖော်ပြသည်။

စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် အကျဉ်းထောင်အဓိကဝင်ပေါက်ကို တာဝန်ရှိသူများ စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရဲတပ်ဖွဲ့က အလွန်အန္တရာယ်ရှိသော သောင်းကျန်းသူများဟု သတ်မှတ်ထားသည့် အကျဉ်းသား အနည်းဆုံး ၂၀ဦး လွတ်မြောက်သူများတွင် ပါဝင်ကြောင်း အာဏာပိုင်များနှင့် စစ်သွေးကြွများက ပြောကြားသည်။

တိုက်ခိုက်ရေးသမား ၁၀၀ကျော်ပါဝင်သည့် ဤအကျဉ်းထောင်စီးနင်းမှုသည် နျူကလီးယားလက်နက်ပိုင်ဆိုင်ထားသော ပါကစ္စတန်နိုင်ငံမှ စစ်သွေးကြွ သောင်းကျန်းသူများ၏ အင်အားကို ဖော်ထုတ်ပြသခြင်းဖြစ်သည်ဟုလည်း ဆိုသည်။

ယခုအချိန်တွင် လွတ်မြောက်သွားသော အကျဉ်းသားများသည် တိုက်ပွဲများအတွင်းသို့ ဝင်ရောက်တိုက်ခိုက်ဖွယ်ရာ ရှိနေပြီဟုဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်အနီးရှိ ဗန်နူးမြို့မှ အကျဉ်းထောင်ကို ဧပြီ ၁၅ ရက် အရုဏ်မတက်မီအချိန်တွင် တိုက်ခိုက်ရေးသမားများက ဝင်ရောက်စီးနင်းခြင်းဖြစ်သည်။ ၎င်းတို့သည် ဖောက်ခွဲရေးလက်နက်များ၊ လက်ပစ်ဗုံးများအသုံးပြု၍ အဓိကဝင်ပေါက်ကြီးများနှင့် နံရံများကို ဖြိုချခဲ့ကြသည်ဟု ဗန်နူးထောင်ကြီးကြပ်သူ ဇာဟစ်ခန်က ပြောသည်။

စီးနင်းသူများသည် ကြိုးမိန့် ကျခံနေရသည့် အကျဉ်းသားများကို ထားရှိရာ ထောင်နယ်မြေသို့ ဦးတည်၍ တိုက်ခိုက်ခဲ့ကြကြောင်း၊ ထောင်အစောင့်များနှင့် ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားရာ နှစ်နာရီခန့်မျှ ကြာမြင့်ခဲ့ကြောင်း၊ အကျဉ်းသား ၃၈၀ လွတ်မြောက်သွားခဲ့ရာ အလွန်အန္တရာယ်ကြီးသော တာလီဘန်စစ်သွေးကြွ အနည်းဆုံး ၂၀ ပါသွားကြောင်း ခန်က ဆက်လက်ပြောကြားခဲ့သည်။

ဗန်နူးမြို့သည် မြောက်ဝါဇီရစ္စတန်သို့ အဝင်လမ်းမှ အဓိကမြို့ဖြစ်ပြီး ဗန်နူးအကျဉ်းထောင်တွင် အကျဉ်းသား ၉၄၄ ဦးကို ချုပ်နှောင်ထားသည်။ **အင်တာနက်။**

ဗြိတိန်နိုင်ငံမှ အမျိုးသမီးများ အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်း ဆက်လက်တိုးမြင့်နေဟုဆို

လန်ဒန် မေ ၁၅

ဗြိတိန်နိုင်ငံ၌ အမျိုးသမီးများ အဆုတ်ကင်ဆာရောဂါဖြစ်ပွားမှုမှာ ဆက်လက်တိုးမြင့်နေဆဲဖြစ်သည်ဟု ဗြိတိန်နိုင်ငံ ကင်ဆာရောဂါ သုတေသနအသင်းမှ ထုတ်ပြန်သော အချက် အလက်များတွင် ဖော်ပြထားသည်။

၂၀၀၉ ခုနှစ်အတွင်းတွင် ဗြိတိန်နိုင်ငံသူဦးရေ ၁၈၀၀၀ ခန့် အဆုတ်ကင်ဆာရောဂါဖြစ်ပွားခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အဆုတ်ကင်ဆာရောဂါသည်ပမာဏနှင့် နှိုင်းယှဉ်ပါက ၈၀၀၀ ခန့် လျော့ပါးခဲ့သည်ဟုဆိုသည်။

ဆေးရွက်ကြီးနှင့် ဆက်စပ်

အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားမှုသည် ဆေးလိပ်သောက်နှုန်းနှင့် ဆက်စပ်နေကြောင်း လွန်ခဲ့သည့်ဆယ်စုနှစ်နှစ်ခုမှ သုံးခု အစောပိုင်းကတည်းက သိရှိထားခဲ့ပြီး ယင်းရောဂါဖြစ်ပွားမှုများ၏ ၈၀ ရာခိုင်နှုန်းမှာ ဆေးရွက်ကြီးနှင့် ဆက်စပ်နေခဲ့သည်။

အဆုတ်ကင်ဆာရောဂါသည် ဗြိတိန်နိုင်ငံတွင် အမျိုးသားများ၌ အဖြစ်အများဆုံးဝေဒနာတစ်မျိုးဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် အမျိုးသား ၂၃၀၀၀ကျော်၌ ဖြစ်ပွားခဲ့၍ ယင်းမှာလည်း ဖြစ်ပွားမှုနှုန်း ပထမဆုံးအကြိမ် ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံ၌ အမျိုးသားများ အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းမှာ ၁၉၇၅ ခုနှစ်၌ လူဦးရေတစ်သိန်းလျှင် ၁၁၀ဦး ဖြစ်ပွားပြီး ယခုလက်ရှိ လူဦးရေ တစ်သိန်းလျှင် ၅၉ ဦးအောက် ဖြစ်ပွားလျက်ရှိသည်။

ဗြိတိန်နိုင်ငံသူများ၏ အဆုတ်ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းတွင်မူ ၁၉၇၅ ခုနှစ်က အမျိုးသမီးဦးရေ တစ်သိန်းလျှင် ယင်း ရောဂါခံစားရသူ ၂၂ ဦးဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင်မူ အမျိုးသမီးဦးရေ တစ်သိန်းလျှင် အဆုတ်ကင်ဆာရောဂါခံစားရသူ ၃၉ ဦးထိ ရှိလာခဲ့သည်။ **အင်တာနက်။**

ဗင်နွာတူနိုင်ငံတွင် အင်အားပြင်း ငလျင်လှုပ်

ဆစ်ဒနီ မေ ၁၅

တောင်ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သော ဗင်နွာတူနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင် ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒတိုင်းတာရေးဌာနက ပြောကြားသည်။ သို့ရာတွင် ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်း မရှိခဲ့ပေ။

အဆိုပါ ငလျင်သည် ဧပြီ ၁၅ ရက် နံနက် ၉ နာရီခန့်က လှုပ်ခြင်းဖြစ်ကြောင်း၊ လတ်တလောတွင် ငလျင်ဒဏ်ကြောင့် သေကျေပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်သော သတင်းများ မရရှိသေးကြောင်း သိရသည်။

ဗင်နွာတူနိုင်ငံ မြို့တော်ပို့တ်ဗီလာ၏အရှေ့တောင်ဘက်မှ ကီလိုမီတာ ၁၅၀ ကွာဝေးသောနေရာကို ဗဟိုပြု၍ ရေအောက် အနက် ရှစ်ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ဘူမိဗေဒတိုင်းတာရေးဌာနက ပြောကြားသည်။ **အင်တာနက်။**

အီဂျစ် ရေနံကုမ္ပဏီ သိုလှောင်ကန် ပေါက်ကွဲမှုဖြစ် လေးဦးသေဆုံးပြီး ၂၂ ဦးဒဏ်ရာရရှိ

ကိုင်ရို မေ ၁၅

အီဂျစ်နိုင်ငံ စူးအက်မြို့ရှိ ရေနံကုမ္ပဏီတစ်ခုတွင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ လူလေးဦးသေဆုံးပြီး ၂၂ဦး ဒဏ်ရာရရှိကြောင်း ဒေသတွင်းရှိ ဆေးရုံသတင်းရပ်ကွက်က ဧပြီ ၁၅ ရက်တွင် ဆင်ဟွာသတင်းဌာနသို့ သတင်းပေးပို့ခဲ့သည်ဟု သိရသည်။

ဧပြီ ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခန့်က နာဆာရေနံကုမ္ပဏီရှိ ရေနံသိုလှောင်ကန်များအနက် ကန်တစ်ကန်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးအကြီးအကျယ် လောင်ကျွမ်းခဲ့ကြောင်း၊ အီဂျစ်တပ်ဖွဲ့ဝင်များပါဝင်သော ကယ်ဆယ်ရေးအဖွဲ့များက အခြားရေနံသိုလှောင်ကန်များအား မီးမကူးစက်စေနိုင်ရန် ဝိုင်းဝန်းကူညီငြိမ်းသတ်ပေးခဲ့ကြောင်း သတင်းတွင် ပါရှိသည်။

မီးသတ်ကားဒါဇင်များစွာနှင့် ရဟတ်ယာဉ် လေးစင်းတို့က သန်းခေါင်ယံအချိန်ရောက်ခါနီးအထိ မီးလောင်ကျွမ်းမှုကို ကြိုးပမ်းငြိမ်းသတ်ခဲ့ရကြောင်း၊ မီးလောင်ရသည့်အကြောင်းရင်းကို ရှင်းလင်းစွာမသိရှိရသေးကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

လေဆင်နှာမောင်းဒဏ်ကြောင့် ပျက်စီးသွားသည့် အိုကလာဟိုးမားပြည်နယ်မှ နေအိမ်တစ်လုံး။ (ဓာတ်ပုံ-အင်တာနက်)



အမေရိကန်နိုင်ငံအလယ်ပိုင်း ပြည်နယ်လေးခု၌ လေဆင်နှာမောင်းများကြောင့် လူငါးဦးထက်မနည်း သေဆုံး

တူလ်ဆာ(အိုကလာဟိုးမား) မေ ၁၅

အမေရိကန်နိုင်ငံအလယ်ပိုင်း ပြည်နယ်လေးခုတွင် ဧပြီ ၁၄ ရက်နှင့် ၁၅ ရက်အစောပိုင်းက လေဆင်နှာမောင်းအကြိမ် ၁၀၀ ကျော်တိုက်ခတ်ခဲ့ရာ လူငါးဦးထက်မနည်း သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လေဆင်နှာမောင်းသည် အိုကလာဟိုးမား၊ ကင်းဆပ်၊ နီဘရာစကာနှင့် အိုင်အိုဝါပြည်နယ်များအတွင်း ဝင်ရောက်မွှေနှောက်ခဲ့ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဌာနက ပြောကြားသည်။

ငါးဦးသေဆုံး

လေဆင်နှာမောင်းတိုက်ခတ်မှုများကြောင့် သေဆုံးခဲ့ရသူ ငါးဦးတွင် ကလေးနှစ်ဦးပါဝင်ပြီး ယင်းတို့မှာ အိုကလာဟိုးမားပြည်နယ် ဝုဒ်ဝဒ်မြို့မှဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ဝုဒ်ဝဒ်မြို့ရှိ အိမ်ခြေ ၃၉၀၀ ခန့်နှင့် လူဦးရေ ၁၂၀၀၀ တို့မှာ ဧပြီ ၁၅ ရက်အစောပိုင်းအထိ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို ခံစားနေရသည်ဟုဆိုသည်။ **အင်တာနက်။**

KNU ဆက်ဆံရေးရုံးများတွင် အသုံးပြုရန် မော်တော်ယာဉ်နှစ်စီးပေးအပ် ပြည်နယ်အဆင့်ငြိမ်းချမ်းရေး ဆက်လက်ဖော်ဆောင်နိုင်ရေးဆွေးနွေး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ မော်လမြိုင်မြို့၌ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဧပြီ ၁၅

ကရင်အမျိုးသားအစည်းအရုံး (KNU) ဆက်ဆံရေးရုံးများတွင် အသုံးပြုရန် မော်တော်ယာဉ်နှစ်စီး လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၁၀ ရက် ညနေပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်မင်းနှင့် ဦးခင်ရီ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ကရင်ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကရင်အမျိုးသားအစည်းအရုံး (KNU)မှ အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်နှင့် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ဦးဆောင်သည့်အဖွဲ့ဝင်များနှင့် နှစ်ဖက်ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘားအံမြို့နှင့် ထားဝယ်မြို့တို့ရှိ ဆက်ဆံရေးရုံးများတွင်အသုံးပြုရန် စက်မှုဝန်ကြီးဌာနက လှူဒါန်းသော GRAND TIGER နှစ်စီးကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကိုယ်စား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက KNUမှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးထံသို့ စာရွက်စာတမ်းများနှင့်အတူ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင်များ၊ KNU ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ နော်စီဖိုးရာစိန်နှင့် ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ဦးဆောင်သည့် အဖွဲ့ဝင်များသည် ပြည်နယ်အဆင့်ငြိမ်းချမ်းရေး ဆက်လက်ဖော်ဆောင်နိုင်ရေးကိစ္စအား တွေ့ဆုံဆွေးနွေးကြရာ အပစ်အခတ်ရပ်စဲရေး ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဆက်ဆံရေးရုံးများ ဖွင့်လှစ်ထားရှိရေးကိစ္စများကို ဆွေးနွေးခဲ့ကြပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)မှ ဗဟိုကော်မတီဝင် စောသောသီဘွဲ့တို့က အစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ဧပြီ ၁၁ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ငြိမ်းချမ်းရေးဆက်လက်ဖော်ဆောင်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်မင်းနှင့် ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်၊ ပြည်နယ်ဥပဒေချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးကျော်မြင့်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဦးရွှေသောင်း၊ မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) နိုင်အောင်မင်း ဦးဆောင်သည့်အဖွဲ့ဝင်များနှင့် နှစ်ဖက်ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲနိုင်ရေး၊ မွန်ပြည်သစ်ပါတီနှင့် အပစ်အခတ်ရပ်စဲမှု ရေရှည်တည်တံ့ခိုင်မြဲရေး၊ နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ မွန်ပြည်သစ်ပါတီနှင့် ဆက်နွယ်သော အကျဉ်းသားများနှင့် အခြားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အကျဉ်းသားများ ပြန်လည်လွတ်မြောက်ရေး၊ ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲအား နောက်တစ်ကြိမ်ဆက်လက်ဆွေးနွေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) နိုင်အောင်မင်းတို့သည် ဆွေးနွေးပွဲမှတ်တမ်းကို အတည်ပြုလက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့၌ ကရင်အမျိုးသားအစည်းအရုံး (KNU) ဆက်ဆံရေးရုံးဖွင့်လှစ်

နေပြည်တော် ဧပြီ ၁၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့၌ ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) ဆက်ဆံရေးရုံးဖွင့်ပွဲ အခမ်းအနားကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးအောင်မင်း၊ ဦးစိုးသိန်းနှင့် ဦးခင်ရီ၊ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံမြို့မိမြို့ဖများ၊ ကရင်အမျိုးသားအစည်းအရုံး (KNU)မှ အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်၊ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ဦးဆောင်သည့်အဖွဲ့ဝင်များနှင့် နှစ်ဖက်ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ တိုင်းဒေသကြီးဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်းနှင့် KNU အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်တို့က ဆက်ဆံရေးရုံးအဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ကျောက်ကြီးမြို့ရှိ KNU ဆက်ဆံရေးရုံးတွင် အသုံးပြုရန် GRAND TIGER တစ်စီးအား ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးနှင့်အဖွဲ့ထံသို့ စာရွက်စာတမ်းများနှင့်အတူ လွှဲပြောင်းပေးအပ်ခဲ့ပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)မှ အဖွဲ့ဝင်များသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရွှေဝါထွန်းဟိုတယ်သို့ ရောက်ရှိလာရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုကြပြီး ညပိုင်းတွင် ရွှေဝါထွန်းဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ တိုင်းဒေသကြီးအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ငြိမ်းချမ်းရေးဆက်လက်ဖော်ဆောင်နိုင်ရေးကိစ္စ တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးအောင်မင်း၊ ဦးစိုးသိန်းနှင့် ဦးခင်ရီ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ညိုစော၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် နှစ်ဖက်အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ထို့နောက် အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းကို တိုင်းဒေသကြီးဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်းနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)မှ ဗဟိုအမြဲတမ်းကော်မတီဝင် စောသောသီဘွဲ့တို့ အပြန်အလှန် လဲလှယ်ကြသည်။

အဆိုပါအစည်းအဝေးတွင် အပစ်အခတ်ရပ်စဲရေး ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဆက်ဆံရေးရုံးများ ဖွင့်လှစ်ထားရှိရေးကိစ္စများအား ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ရွှေဝါထွန်းဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က KNU အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်နှင့် ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး ဦးဆောင်သည့်အဖွဲ့အား အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် တေးဂီတဖြင့် ဖျော်ဖြေပေးသော ဥသျှောင်ဘုံစဉ်တေးဂီတအဖွဲ့အား KNU အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်က ဂုဏ်ပြုပန်းခြင်းနှင့် ငွေကျပ်ငါးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းက ဂုဏ်ပြုပန်းခြင်းနှင့် ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထားဝယ်မြို့၌ KNU မြိတ်/ထားဝယ်ခရိုင်နှင့် တပ်မဟာ(၄)ဆက်ဆံရေးရုံး ဖွင့်လှစ်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် KNU ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ငြိမ်းချမ်းရေး ဆက်လက်ဖော်ဆောင်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။(သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် ကရင်အမျိုးသားအစည်းအရုံး (KNU)၏ မြိတ်/ထားဝယ်ခရိုင်နှင့် တပ်မဟာ(၄) ဆက်ဆံရေးရုံးဖွင့်ပွဲအခမ်းအနား ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေး၊ KNU မြိတ်/ထားဝယ်ခရိုင် ဥက္ကဋ္ဌ KNU ဗဟိုအမြဲတမ်းကော်မတီဝင် ဖဒိုစောကွယ်ထူးဝင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ KNU မြိတ်/ထားဝယ်ခရိုင်ဥက္ကဋ္ဌ ဖဒိုစောကွယ်ထူးဝင်းနှင့် KNUတပ်မဟာ(၄) တပ်မဟာမှူး ဗိုလ်မှူးချုပ်စောဒါးကျော်လူးတို့က ဆက်ဆံရေးရုံးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့် အဖွဲ့ဝင်များသည် ဆက်ဆံရေးရုံးအထိမ်းအမှတ် ဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကာ ရုံးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် KNU ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့မှ ဖဒိုစောကွယ်ထူးဝင်း ဦးဆောင်သောအဖွဲ့ဝင်များသည် ထားဝယ်မြို့ရှိ မြို့တော်ခန်းမသို့ရောက်ရှိလာရာ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးဆက်လက်ဖော်ဆောင်နိုင်ရေးကိစ္စများ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ KNU ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဖဒိုစောကွယ်ထူးဝင်းနှင့် အဖွဲ့ဝင်များ၊ တပ်မဟာ(၄)တပ်မဟာမှူးနှင့် အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အပစ်အခတ်ရပ်စဲရေး ရေရှည်တည်တံ့ခိုင်မြဲနိုင်ရေး၊ ဆက်ဆံရေးရုံးဖွင့်လှစ်ပြီးနောက် နှစ်ဖက်ညှိနှိုင်း၍ ငြိမ်းချမ်းရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်ပြီး အပြန်အလှန်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် နာဂလက်နက်ကိုင် NSCN(K) မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် တွေ့ဆုံဆွေးနွေးညှိနှိုင်း

နေပြည်တော် ဧပြီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရသို့ကမ်းလှမ်းလာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများကို သက်ဆိုင်ရာနယ်မြေဒေသအသီးသီး၌ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၏ စေ့စပ်ညှိနှိုင်းစီစဉ်ပေးမှုဖြင့် ဧပြီ ၉ ရက် မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ တပ်နယ်ခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင် ဦးဆောင်သော ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင်ငါးဦးနှင့် နာဂလက်နက်ကိုင် NSCN(K)မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင် Y.ဝမ်းတင်နာဂ ဦးဆောင်သော အဖွဲ့ဝင်ခုနစ်ဦးတို့သည် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြသည်။(အပေါ်ယာပုံ)

အဆိုပါဆွေးနွေးပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းရန်ကိစ္စရပ်များအား အပြန်အလှန်ခင်မင်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဆွေးနွေးပွဲ၏ ရလဒ်အဖြစ် အချက်(၅)ချက်ပါဝင်သော ပဏာမသဘောတူညီချက်ကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၏ရှေ့မှောက်၌ လက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဏာမသဘောတူညီချက်များမှာ-

(က) တပ်မတော်နှင့်နာဂလက်နက်ကိုင် NSCN(K)အဖွဲ့တို့သည် ၂၀၁၂ ခုနှစ် ဧပြီလ ၉ ရက်နေ့မှစ၍ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်းထားရန်။

(ခ) နှစ်ဦးနှစ်ဖက် အပြန်အလှန် ပြောဆို၊ ဆက်ဆံ၊ ဆွေးနွေးမှုများပြုလုပ်နိုင်ရန်အတွက် နာဂလက်နက်ကိုင် NSCN(K)အဖွဲ့၏ ဆက်ဆံရေးရုံးကို နှစ်ဖက်သဘောတူညီသော ခန္တီးမြို့တွင် ဖွင့်လှစ်ရန်။

(ဂ) အပစ်အခတ်ရပ်ဆိုင်းထားစဉ်ကာလအတွင်း နှစ်ဦးနှစ်ဖက်သဘောတူညီထားသော နေရာများမှအပ နယ်မြေကျော်လွန်၍ လက်နက်ကိုင်ဆောင်သွားလာမှုများကို နှစ်ဦးနှစ်ဖက် ကြိုတင်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရန်။

(ဃ) အပစ်အခတ်ရပ်စဲထားစဉ်ကာလအတွင်း နာဂလက်နက်ကိုင် NSCN(K)အဖွဲ့အား လက်နက်ကိုင်ဆောင်ခြင်းမပြုဘဲ မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာ ခရီးသွားလာခွင့်ပြုရန်။

(င) ပြည်ထောင်စုအစိုးရက ဖွဲ့စည်းသည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် နာဂလက်နက်ကိုင်NSCN(K) အဖွဲ့မှ ဖွဲ့စည်းသည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့များသည် နှစ်ဦးနှစ်ဖက် သဘောတူညီသော နေရာ၊ သဘောတူညီသောအချိန်ကာလတွင် နာဂဒေသအတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစသည့်ကိစ္စရပ်များ ဖော်ဆောင်နိုင်ရေးအတွက် ဆက်လက်တင်ပြညှိနှိုင်းဆွေးနွေးကြရန်တို့ဖြစ်သည်။

ဆွေးနွေးပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နာဂလက်နက်ကိုင် NSCN(K) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။ ထို့နောက် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုနှင့်အလှဆင်၊ ကုသိုလ်ယူတတ်ကြစေချင်

မန်းခင်ခင်

ပိတောက်တွေရွှေရည်လူးသည့် နှစ်သစ်ဦးကာလသို့ ရောက်ရှိပေပြီ။ ပိတောက်ဖူးတွေနှင့်အတူ တန်ခူးလ အတာသင်္ကြန်ပွဲတော်ကို နွဲပျော်ကြလျက် မြန်မာပြည်သူ ပြည်သားအားလုံး ရွှင်မြူးကြည်နူးနေကြသော ကာလလည်း ဖြစ်ပေသည်။

အမှန်တော့သင်္ကြန်ကာလအခါသမယသည် နှစ်ဟောင်းက အညစ်အကြေးကို ဆေးကြောသုတ်သင်သည့်သဘော၊ နှစ်သစ်ကာလကို စိတ်သစ်လူသစ်နှင့် ကြိုဆိုသည့်သဘော၊ တစ်ဦးကိုတစ်ဦး အေးချမ်းစေလိုသည့်သဘောပင် ဖြစ်ပါသည်။ သို့ဖြစ်၍လည်း ရှေးအစဉ်အဆက်ကတည်းက သပြေခက်နှင့် ရေပက်ကစားကြခြင်း ဖြစ်ပါသည်။

တစ်နှစ်တာအတွင်း မကောင်းတာတွေ၊ ညံ့တာတွေရှိခဲ့ပါက ပြေပျောက်စေရန်အတွက် သင်္ကြန်ရေနှင့်အတူ မေတ္တာမိုး၊ ကရုဏာမိုး၊ စေတနာမိုးများ သွန်းဖြိုးရွာစွေ ကြဖြန့်ဝေခြင်းသည် မြန်မာလူမျိုးတို့၏ မွန်မြတ်လှသော အစဉ်အလာ ရိုးရာဓလေ့ပင် ဖြစ်ပါသည်။

ဤကဲ့သို့ မွန်မြတ်လှသော မြန်မာ့နှစ်သစ်ဦးကာလ မင်္ဂလာရှိသောကာလကို ပို၍ပို၍သာ လှစေချင်ပါသည်။ ပို၍ပို၍သာ မင်္ဂလာရှိစေချင်ပါသည်။ ထိုသို့ ပို၍လှပို၍မင်္ဂလာရှိဖို့ကတော့ မြန်မာလူမျိုးတိုင်း မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ဖို့က အဓိကဖြစ်ပါသည်။

ပျော်ရွှင်မှုဆိုတာ တစ်ယောက်တည်းပျော်ရရုံဖြင့် ပျော်ရွှင်မှုမဖြစ်နိုင်ပါ။အများနှင့် စုပေါင်းဆင်နွှဲရသည်မို့ အများပျော်မှ ပျော်ရွှင်မှုအစစ်အမှန် ဖြစ်နိုင်ပါသည်။ ကိုယ်ပျော်ရွှင်ရဖို့အတွက်နှင့် သူတစ်ပါးစိတ်အနှောင့်အယှက်ဖြစ်စေမည်ဆိုလျှင် ပျော်ရွှင်မှုမဖြစ်နိုင်တော့ပါ။ ထို့ကြောင့် သင်္ကြန်ရေကစားကြသည့် နှစ်သစ်ကူးပွဲတော်ကြီးမှာ ယဉ်ကျေးမှုရှိကြဖို့ အထူးလိုပါသည်။ တစ်ဦးကိုတစ်ဦး လေးလေးစားစား နှုတ်ဆက်၊ လေးလေးစားစား ဆက်ဆံခြင်းအားဖြင့် မိမိကိုယ်ကိုယ်လည်း စောင့်ရှောက်ရာရောက်သလို သူတစ်ပါးကိုလည်း စောင့်ရှောက်ပြီးသားဖြစ်ပါလိမ့်မည်။

ဤနေရာ၌ ခေတ်ကာလနှင့်ပတ်သက်သော ဝတ်စားဆင်ယင်မှုလေးကို အနည်းငယ်တင်ပြချင်ပါသည်။ ကျွန်မတို့မြန်မာများသည် ရှေးယခင်ကတည်းက အလွန်အရှက်အကြောက်ကြီးမားသော၊ ဟီရိဩတ္တပ္ပတရားနှင့် ပြည့်စုံသော လူမျိုးဖြစ်ပါသည်။ ကိုယ်ပိုင်ယဉ်ကျေးမှု ကိုယ်ပိုင်ရိုးရာဓလေ့နှင့် ပြည့်စုံသော လူမျိုး ဖြစ်ပါသည်။ ယနေ့ခေတ်က ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာလို ကူးသန်းဆက်သွယ်မှုတွေ လျင်မြန်လွယ်ကူလာပြီဆိုတော့ သူ့ယဉ်ကျေးမှု၊ ကိုယ့်ယဉ်ကျေးမှုတွေ အပြန်အလှန်ထိုးဖောက်ဝင်ရောက်လာကြပြီ ဖြစ်ပါသည်။

အမြင်မတော်တဲ့၊ မကောင်းတဲ့၊ အရှက်မလုံတဲ့ ဝတ်စားဆင်ယင်မှုမျိုးကို မိန်းကလေး ယောကျ်ားလေး မည်သူမှ အတုမယူ၊ အတုမခိုးသင့်ပါ။ ယိုသူမရှက် မြင်သူရှက်ဆိုတဲ့စကား အရှိသားမဟုတ်လား။ ကျွန်မတို့ မြန်မာပြည်သားတွေ မဆင်းရဲကြပါ။ အားလုံး သူ့အဆင့်နှင့်သူ ဝတ်နိုင်စားနိုင် အလှဆင်နိုင်ကြပါသည်။ သို့သော်လည်း ဝတ်တဲ့ဆင်တဲ့နေရာမှာ အမြင်မတော်အောင် ပြတ်-ပဲ့-တို-ကွဲ-စုတ်ပြွာစွာနှင့် မသတီစရာ ဝတ်စားဆင်ယင်မှုတွေကိုတော့ အားမကျစေချင်ပါ။ မတုပစေချင်ပါ။ မိမိ၏တန်ဖိုးကို လျော့ပါးစေတဲ့ ဝတ်စားဆင်ယင်မှုမျိုးဖြစ်၍ အတတ်နိုင်ဆုံး ရှောင်ရှားကြစေချင်ပါသည်။

ထိုကဲ့သို့သော မယဉ်ကျေးသည့် ဝတ်စားဆင်ယင်မှုကို ရှောင်ရှားခြင်းသည်ပင် ယဉ်ကျေးမှုကို မြတ်နိုးခြင်းမည်ပါသည်။ အလားတူပဲ ဖရုသဝါစာ ညစ်ညမ်းသောစကားများ မပြောမဆိုဘဲ ကောင်းမွန်သောစကားများကို ပြောဆိုခြင်းသည် ယဉ်ကျေးမှုကို စောင့်ထိန်းခြင်းမည်ပါသည်။

သင်္ကြန်ပွဲတော်ကာလမှာ အမျိုးသမီးလေးများလည်း လုံလုံခြုံခြုံ ယဉ်ယဉ်ကျေးကျေး ရေကစားကြစေချင်သည်။ အမျိုးသားများကလည်း ကိုယ်အမူအရာ နှုတ်အမူအရာ စောင့်ထိန်း၍ ယဉ်ယဉ်ကျေးကျေး ရေကစားကြစေချင်သည်။ သက်ရွယ်ကြီးရင့်သူများကိုတွေ့လျှင် "ဦးကြီးနေကောင်းပါစေ" "ဒေါ်ကြီးနေကောင်းပါစေ" စသည်ဖြင့် ပျော်ရွှင်စွာ ရေကစားရမည့်အစား "ယောက္ခမကြီး၊ မြေးတွေကိုမထိန်းဘဲ လျှောက်လည်နေရသလား" "ဟိုအဖိုးကြီး သိပ်မကဲနဲ့နော်"စသည်ဖြင့် တစ်ဖက်သားကို မခံချင်အောင် ပြောင်နောက်ပြောဆိုခြင်းသည် ယဉ်ကျေးမှုရှိသည်ဟု မခေါ်ဆိုနိုင်ပေ။

သို့ဖြစ်၍ မြန်မာ့နှစ်သစ်ဦးကာလမှာ ကောင်းတာတွေ၊ ကောင်းတာကြံပြီး မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကုသိုလ်ယူတတ်ကြစေချင်ပါသည်။ မိမိသည် အများပြည်သူထဲမှ လူတစ်ဦးတစ်ယောက်သာဖြစ်သည်။ မိမိတစ်ဦးတည်း ပျော်ရွှင်မှုအတွက် အများပြည်သူကို စိတ်အနှောင့်အယှက် မဖြစ်ရလေအောင် အဆင့်အတန်းမြင့်မြင့် မင်္ဂလာကျက်သရေရှိသော စိတ်ကောင်း စိတ်မြတ်များ မွေးမြူထားရှိနိုင်ကြပါစေ၊ မေတ္တာအလှတွေနဲ့ ခေတ်ကာလကို တိုးတက်အောင် မြှင့်တင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်း လိုက်ရပါသည်။

ခေတ်ဆိုသည်မှာ အချိန်ပါ
ရုပ် နာမ် ကောင်ထည် မရှိပါ။
လူတို့သည်သာ ဖန်တီးကြ
ခေတ်ရဲ့ သဘာဝ။
သူ့ကာလနှင့် သူ့ခေတ်မှာ
အလှဟူသည် ရှိမြဲပါ။
သို့ပါသော်လည်း သတိပြု
ရိုးရာယဉ်ကျေးမှု။
ယဉ်ကျေးမှုနှင့် အလှဆင်
အားလုံး စိတ်ပျော်ရွှင်။
အမြင်အကြား တင့်တယ်က
ကောင်းမှုကုသိုလ်ရ။ ။

မြန်မာ့သင်္ကြန်အလှဟန်

- ❖ နွေဦးမိုးတစ်ပြိုက်၊ သွန်းဖြိုးလိုက်ရာ ညိုးငိုက်မြဖူး၊ လန်းလှမြူးလို့ လထူးရောက်လာ၊ ပိတောက်ဝါမှ အတာပွဲသဘင်၊ ပျော်နွှဲဆင်ဖို့ မင်္ဂလာနှုတ်ခွန်းဆက်ခဲ့တကား။
- ❖ ကံ့ကော် သိင်္ဂါ၊ ငုထိန်ဝါလို့ ချိန်ခါသရဖီ၊ ဆင်းရွှေရည်တည့် ရေသီတာဖျန်း၊ ပြည်ရွာချမ်းမြ သာဆန်းဘွေချာ၊ ရွှေမြန်မာတွင်း တေဇာဝင်းလက်၊ ရှေးမင်းဆက်မှ ဆင်းသက်ရိုးရာ၊ ပွဲမျိုးပါတည့် နံ့သာငွေခွက်၊ သပြေခက်ဖြင့် ရေပက်သူငါ၊ ပြုံးမူရာရှင် ပျူဟာယဉ်ကျေး၊ သဘင်တေးအက ဆင်သွေးလှပေ၊ ခေါင်းခါးခြေလက် ရေးမွေဆက်ခံ၊ မြန်မာ့ဟန်ပေါ် ဆိုင်းသံဗုံမောင်း၊ ဇရပ်ကျောင်းကန် သောင်းသောင်းဖြဖြ၊ လှူဒါနနှင့် မိဘဘိုးဘွား၊ ကန်တော့သွားကြ သားမြေးမြစ်ပျော်၊ သာစုခေါ်ခဲ့ ပွဲတော်သင်္ကြန်၊ မြိမ့်မြိမ့်ညံခဲ့တကား။
- ❖ မြန်မာ့ရိုးရာ၊ လှတိုးပါစေ ဆိုးလာဝင်ကဲ၊ ရိုးရာပွဲမှာ ပေါက်ကွဲအော်ဟစ်၊ ရွှေရည်ယစ်ဖြင့် လျှပ်စစ်ဂီတသံ၊ ဝုန်းဒိုင်းညံ့နေ ခုန်ပျံကကွက်၊ သရုပ်ပျက်တွေ ရက်စရာပါ၊ ရွှေမြန်မာ၏ အတာသင်္ကြန်၊ မဟာဆန်အောင် နိုင်ငံကြီးသားပီ၊ ဂုဏ်နှင့်ညီစွာ ရေသီတာပွဲ၊ ညီညာနွှဲကြရမည်တည်း။ ။

ပျဉ်းမနားမြင့်လှိုင်

ချမ်းမြေ့ပျော်ရွှင်စွာ ရေကစားမှုများဖြင့် မန္တလေးသင်္ကြန် ဆက်လက်စည်ကား

နေပြည်တော် ဧပြီ ၁၅

မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဒုတိယအကြတ်နေ့ဖြစ်သည့် ယနေ့တွင် မန္တလေးမြို့ခံ သင်္ကြန်ချစ်သူပြည်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများကို ထိန်းသိမ်းလျက် ချမ်းမြေ့ပျော်ရွှင်စွာ ရေကစားကြရာ မန္တလေးနန်းမြို့ကျုံးတော်ကြီး ပတ်ပတ်လည်လမ်းတစ်လျှောက်နှင့် မြို့အနှံ့အပြားတို့တွင် အထူးစည်ကားလျက်ရှိသည်။

မန္တလေးမြို့သူမြို့သားများအပြင် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များ၊ မြန်မာနိုင်ငံအရပ်ရပ်မှ ပြည်သူများပါ မန္တလေးသင်္ကြန်ကို လာရောက်ဆင်နွှဲလျက်ရှိသည်။ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များနှင့် တေးသံရှင်များက သင်္ကြန်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများကို သင်္ကြန်အကများဖြင့် ဖျော်ဖြေကြသည်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အမေများအဖွဲ့က အဆိုအကများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ဖျော်ဖြေကြရာ မန္တလေးမြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်း၊ ဇနီး ဒေါ်အေးအေးမြင့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက ကြည့်ရှုအားပေးကြပြီး မန္တလေးမြို့တော်ဝန်နှင့် ဇနီးတို့က အမေများအဖွဲ့အတွက် ငွေကျပ်သိန်း ၃၀ ကို ဂုဏ်ပြုချီးမြှင့်၍ သပြေခက်ဖြင့် အတာရေများ ပက်ဖျန်းပေးသည်။

စီးပွားရေးလုပ်ငန်းရှင်များ၏ သင်္ကြန်ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ပွဲတော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ မစ်တယ်လ်ဇုန်ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ၊ တေးသံရှင်များက သင်္ကြန်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများကို ဖျော်ဖြေကြသည်။ မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်က ပြိုင်ပွဲဝင် သင်္ကြန်အလှပြယာဉ်များကို စိစစ်အကဲဖြတ်လျက်ရှိကာ သင်္ကြန်သံချပ်အဖွဲ့တို့ကလည်း လာရောက်ဖျော်ဖြေကြရာ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ရှေ့၌ အားပေးကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ (သတင်းစဉ်)

ညနေပိုင်းတွင် ကျုံးအနောက်ဘက်ရှိ ရှမ်းတိုင်းရင်းသား သာရေးနာရေး အသင်းမိသားစုသင်္ကြန် ရေကစားမဏ္ဍပ်၊ ထက်မြတ်သင်္ကြန်ရေကစားမဏ္ဍပ်တို့နှင့် ကျုံးပတ်ပတ်လည်ရှိ ဌာနဆိုင်ရာနှင့် လာသူများအား ရွှေရင်အေး၊ အအေး၊ ကြာဆံဟင်း၊ အကြော်စုံတို့ဖြင့် ဧည့်ခံကျွေးမွေး၍ အမှတ်တရလက်ဆောင်များ ပေးသည်ကို တွေ့ရသည်။

ညပိုင်းတွင် မန္တလေးမြို့တော်ဝန်

မဟာသင်္ကြန်ပွဲတော်ရက်များ အတွင်း ဦးပိန်တံတား၌ လာရောက် အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)

မန္တလေးမြို့ရှိ ထက်မြတ်သင်္ကြန် ရေကစားမဏ္ဍပ်၌ မဟာသင်္ကြန်ပွဲ တော်ဆင်နွှဲကြသူများဖြင့် အထူး စည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၆-၄-၂၀၁၂ (တနင်္လာနေ့)

၇း၀၅	တရားတော်	၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၂၅)**
၈း၁၅	မြန်မာသင်္ကြန်	၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၄း၀၅	အဖွင့်သီချင်း		- မေးမြန်းစူးစမ်း
၄း၁၀	တရားတော်		-ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၄း၅၀	မျိုးချစ်တပ်မတော်		**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရိုက်အရာ" (အပိုင်း-၃)**
၅း၀၀	သာယာသီကြွေး ခေတ်ဆန်းတေး		-Mini Series
၅း၂၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဟာသလွင်ပြင်" (အပိုင်း-၉၇)**		
၆း၁၀	မြန်မာသင်္ကြန်		

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ မော်လူးလျှပ်စစ်ရုံး ဝန်ထမ်းမိသားစု သင်္ကြန်ရေကစားမဏ္ဍပ်တွင် ဝန်ထမ်းမိသားစုများက သင်္ကြန် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (ဓာတ်ပုံ-မော်လူး)

ပျော်ရွှင်စွာ ဆင်နွှဲ မြန်မာ့ရိုးရာ သင်္ကြန်ပွဲ

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သူပြည်သူများ ပျော်ရွှင်စွာဆင်နွှဲနေကြသည်ကို တွေ့ရစဉ်။
(သတင်းစဉ်)

နေပြည်တော် ဟိုတယ်ဇုန်ရှိ Sky Net မိသားစုရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာရေကစားနေကြသည်ကို တွေ့ရစဉ်။
(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ရေသဘင်ပွဲ နိုင်ငံတစ်ဝန်း ပျော်ရွှင်စွာခြိမ့်ခြိမ့်သဲဆင်နွှဲ

မဟာသင်္ကြန်ဒုတိယအကြတ်နေ့က ရန်ကုန်မြို့ အနော်ရထာလမ်းတွင် ရေကစားသူများ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)

မဟာသင်္ကြန်ဒုတိယအကြတ်နေ့က ရန်ကုန်မြို့ အလုံလမ်းတွင် ရေကစားသူများ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)

မဟာသင်္ကြန်ပွဲတော် အကြတ်နေ့က မန္တလေးမြို့ရှိ ရေကစားမဏ္ဍပ်များ၌ မဟာသင်္ကြန်ပွဲတော် ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)

မဟာသင်္ကြန်ပွဲတော် ဒုတိယအကြတ်နေ့က မန္တလေးမြို့ရှိ ရေကစားမဏ္ဍပ်များ၌ မဟာသင်္ကြန်ပွဲတော် ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော်ဟိုတယ်ဇုန်ရှိ Sky Net မိသားစု စတုဒိသာမဏ္ဍပ်၌ လာရောက်ရေကစားကြသည့် ပြည်သူများအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

☆ ဒုတိယသမ္မတမှ

နိုင်ငံကျော် အနုပညာရှင်များနှင့် တေးသံရှင်များက ခါသကြၤန်တေးများနှင့် ခေတ်ပေါ်တေးများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ပြည်သူများနှင့်အတူ မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယင်းနောက် အနုပညာရှင်များ၊ ပြည်သူများနှင့်အတူ မန်းတောင်ရိပ်ခိုသီချင်းကို သံပြိုင်သီဆိုကြပြီး ဒုတိယသမ္မတနှင့် ဇနီးတို့က သီဆိုကပြဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် Max Myanmar Group of Companies ရေကစားမဏ္ဍပ်သို့ ရောက်ရှိကြပြီး လာရောက်ရေကစားကြသည့် ပြည်သူများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကာ အနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

အတာရေပက်ဖျန်း

ယင်းနောက် နေပြည်တော် FC ရေကစားမဏ္ဍပ်၌ အနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး အနုပညာရှင်များအား အတာရေများ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဇနီးတို့က လာရောက် ရေကစားကြသည့် ပြည်သူများအား နေပြည်တော် FC ဘောလုံး အသင်းဝတ်စုံများကို လက်ဆောင်အဖြစ်ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ဟိုတယ်ရွှေပြည်တော် ရေကစားမဏ္ဍပ်သို့ ရောက်ရှိကြပြီး အနုပညာရှင်များ၊ ယိမ်းအဖွဲ့များ၏ ကပြသီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် သီဆိုကပြဖျော်ဖြေကြသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြပြီး အတာရေများ ပက်ဖျန်းပေးကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေ...
မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ...

❍ နေပြည်တော်မှ

မြန်မာ့ရိုးရာ အစားအစာများဖြင့် ကျွေးမွေးဧည့်ခံလျက်ရှိရာ Sky Net မိသားစု စတုဒိသာမဏ္ဍပ်၌ လာရောက်ရေကစားကြသည့် ပြည်သူများအား နေ့လယ်စာနှင့် ညနေစာ ထမင်း၊ ဟင်းများဖြင့် ဧည့်ခံကျွေးမွေးရာ စားသုံးကြသူများ အထူးများပြားသည်ကို တွေ့ရသည်။

စတုဒိသာကျွေးမွေး

သင်္ကြန်အကြိုနေ့မှစတင်၍ ထမင်း၊ ဟင်းများကို စတုဒိသာကျွေးမွေးလျက်ရှိရာ နေ့စဉ် လူဦးရေ နှစ်သောင်းခန့် လာရောက်သုံးဆောင်ကြကြောင်းနှင့် သင်္ကြန်အတက်နေ့အထိ ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အဆိုပါမဏ္ဍပ်မှ သောက်ရေသန့်၊ အချိုရည်၊ သစ်သီး၊ ရွှေရင်အေး စသည်တို့ဖြင့်လည်း နေ့စဉ် ဧည့်ခံကျွေးမွေးလျက်ရှိပြီး နေပြည်တော်တွင် Sky Net မိသားစုရေကစားမဏ္ဍပ် စတင်ရေကစားသည့် ၂၀၁၀ ခုနှစ် မဟာသင်္ကြန်မှစတင်၍ နှစ်စဉ် စတုဒိသာကျွေးမွေးဒါနပြုခဲ့ကြောင်း သိရှိရသည်။

နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေကစားမဏ္ဍပ်၌ အနုပညာရှင်များက တေးသံသာများ၊ ယိမ်းအကအဖွဲ့များက အဆို၊ အကဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသကဲ့သို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီ မိသားစုများကလည်း သင်္ကြန်ရေစင်များဖြင့် ပက်ဖျန်းကာ မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို တပျော်တပါး ပါဝင်ဆင်နွှဲကြရာ ရေပက်ခံကားများ၊ သင်္ကြန်ပွဲ ဆင်နွှဲကြသူများဖြင့် စည်ကားလျက်ရှိသည်။

အတာရေသဘင်ပွဲကို ပျော်ရွှင်စွာဆင်နွှဲသူများရှိသကဲ့သို့ ဘုရားရိပ်၊ ကျောင်းရိပ်ခို၍ အေးချမ်းမှုရှာသူများ အထူးများပြားသည်ကိုလည်း တွေ့ရသည်။ (သတင်းစဉ်)

နေပြည်တော်ဟိုတယ်ဇုန်ရှိ Sky ...
လာရောက်ရေကစားကြသည့် ပြည်သူမျ...
ဧည့်ခံစဉ်။

နေပြည်တော်ဟိုတယ်ဇုန်ရှိ Sky Net မိသားစုရေကစားမဏ္ဍပ်၌ ရေကစားကြသူများ၊ ရေပက်ခံကားများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သူပြည်သူများ ပျော်ရွှင်စွာဆင်နွှဲနေကြသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ လာရောက်အနားယူအပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သူပြည်သူများ ပျော်ရွှင်စွာဆင်နွှဲနေကြသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

နေပြည်တော် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ ဟိုတယ်ဇုန်ရေကစားမဏ္ဍပ်များ...
ဖျော်ဖြေတင်ဆက်မှုကို လာရောက်ကြည့်ရှုကြသူများနှင့် ရေပက်ခံထွက်ကြသူများဖြ...

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ Sky Net မိသားစုရေကစားမဏ္ဍပ်၌ ပြည်သူများနှင့်အတူ သင်္ကြန်ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲစဉ်။ (သတင်းစဉ်)

နှစ်ဦးချိန်ခါ

* သိင်္ဂီရွှေလှအဆင်းနှင့်
ပျံ့သင်းတဲ့ပိတောက်ဝါ
ပင်လုံးဝေဖြာ၊
တန်ခူးလ သင်္ကြန်ခါ
အတာရေ သွန်းလောင်း၊
ဘယာဘေးကွာ ကြည်ရွှင်လန်းလို့
ချမ်းမြေ့စေကြောင်း။ ။

* တူးပို့ပုံသံစာစာနှင့်
လေယူရာ ပျံ့လွင့်ပါ
ဆိုတီးသံသာ၊
ယိမ်းအက ညီညီညာ
သွင်ပြင်မှာယဉ်စွ၊
အတာသဘင်နှစ်ဦးမှာ
ကြည်နူးရွှင်ပျ။ ။

* စေတနာ သဒ္ဒါဖွေးလို့
တိုက်ကျွေးတဲ့စားစရာ
စတုဒိသာ၊
သီလစောင့်ထိန်းကာ
ဘာဝနာပွားများ၊
နှစ်ဟောင်းကုန်နှစ်သစ်ပြောင်းချိန်မို့
စိတ်ကောင်းစွာ ကုသိုလ်ပြုကာလ
ပြည်မြန်မာတစ်လွှား။ ။

မောင်နေမွန်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၆-၄-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ပရိတ်တရားတော်
၇း၄၀ ၂။ ခါသင်္ကြန်အဆိုအကများ

ညပိုင်း

၄း၁၀ ၁။ ခါသင်္ကြန်အဆိုအကများ
၅း၀၀ ၂။ ခါသင်္ကြန်အဆိုအကများ
၅း၃၅ ၃။ ချစ်စရာ့တာသင်္ကြန်
၆း၀၀ ၄။ ညနေခင်းသတင်း
၇း၄၀ ၅။ ပီသကြည်မြမဟာဂီတ (အပိုင်း-၇)
၈း၀၀ ၆။ ပြည်တွင်းသတင်း
၇။ နိုင်ငံတကာသတင်းများ
၈။ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်
၉။ ကမ္ဘာကျော်သရုပ်ဆောင်များ
၁၀။ မြန်မာရုပ်ရှင် "သိပ်ချစ်တယ်ဒီက" (ရန်အောင်၊ စိုးသူ၊ ထွန်းအိန္ဒြာဗို၊ မေသဥ္ဇာဦး) [ဒါရိုက်တာ- သီဟကျော်စိုးနှင့်သမီး (ငံပြာရည်)]

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်အနားယူအပန်းဖြေကြစဉ်။ (သတင်းစဉ်)

အပန်းဖြေကြသူများဖြင့် စည်ကား

လျှော့ခွင်းတောင်၌ အသင်းအဖွဲ့လိုက်၊ မိသားစုအလိုက် လာရောက်အနားယူအပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော်ဟိုတယ်ဇုန်ရှိ Sky Net မိသားစု စတုဒိသာမဏ္ဍပ်၌ လာရောက်ရေကစားကြသည့် ပြည်သူများအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံစဉ်။ (သတင်းစဉ်)

...ရှင်စွာ ...(...စဉ်)

နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ သင်္ကြန်ချစ်သူပြည်သူများ မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

...ဟလမ်းမကြီးပေါ်ရှိ ဟိုတယ်ဇုန်ရေကစားမဏ္ဍပ်များ၌ ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၏ ...ရောက်ကြည့်ရှုကြသူများနှင့် ရေပက်ခံထွက်ကြသူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် နှံ့သာသွေးပြိုင်ပွဲ ဒုတိယနေ့ ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁၅

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဇနီး ဒေါ်နုနုဇံတို့သည် ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်/ခရိုင်အဆင့်ဌာနဆိုင်ရာများလိုက်ပါလျက် ဧပြီ ၁၃ ရက် သင်္ကြန်အကျနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည့် နံ့သာသွေးပြိုင်ပွဲ ဒုတိယနေ့ကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် နံနက် ၉ နာရီခွဲတွင် စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး၌ ကျင်းပသည့် ရခိုင်ရိုးရာဘုရားရေသပ္ပာယ်ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်များအား အမွှေးနံ့သာရည်များဖြင့် ရေသပ္ပာယ်ပူဇော်ကြကာ ရေကစားမဏ္ဍပ်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သုတေသနလုပ်ငန်း ဘက်ပေါင်းစုံမှ ပြုလုပ်ရန်လိုအပ် ဒေသနှင့် အကိုက်ညီဆုံးမျိုး ရွေးချယ်ပေးရန်လို

နေပြည်တော် ဧပြီ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဧပြီ ၁၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းရွာ ပုလဲသွယ်စပ်မျိုးစပါး မျိုးလေးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်၌ စပါးနှံများစုံညီစွာထွက်ရှိနေမှုနှင့် အဖိုမြုထိန်း(R)လိုင်း ၆ ဧက မျိုးသန့်မျိုးပွားစိုက်ပျိုးထားမှုများကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာ၌ တောင်သူများ ကိုယ်တိုင်သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးထားသော ၄၅ ရက်သား ပုလဲသွယ်စိုက်ခင်းဧက ၅၀၏ အောင်မြင်ဖြစ်ထွန်းမှုများကို လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာရှိ စံပြစက်မှုလယ်ယာ ဧက ၁၀၀ စိုက်ကွင်း၌ မြန်မာ-တရုတ် စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း မျိုးကွဲ(၅)မျိုးအား ၁၀ ဧက စိုက်ပျိုးစမ်းသပ်ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်စပ်တည်း ၃၆၉ ဧကစိုက်ခင်း၌ အောင်နှံများစုံညီစွာ ထွက်ရှိ၍ ရင့်မှည့်နေသော စိုက်ခင်းနှင့် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ စံပြစက်မှုလယ်ယာ ဧက ၂၀၀ စိုက်ခင်း၌ ပုလဲသွယ်စပ်မျိုးစပါး ပျိုးသက် ၁၇ ရက်သားအရွယ် ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအားတွေ့ဆုံ၍ သုတေသနလုပ်ငန်းကို ဘက်ပေါင်းစုံမှပြုလုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သုတေသနပြုရရှိချက်များကို ပညာရှင်များအနေဖြင့် ဘက်စုံထောင့်စုံသုံးသပ်ပြီး လယ်ကွင်းထဲသို့ (From Lab to Farm)အဖြစ် ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ဒေသနှင့် အကိုက်ညီဆုံးမျိုးကို ရွေးချယ်ပေးရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ရေကစားမဏ္ဍပ်များ လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁၅

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးတို့လိုက်ပါလျက် ဧပြီ ၁၄ ရက် နံနက် ၈ နာရီတွင် ပုသိမ်မြို့ တိုင်းဒေသကြီးပညာရေးမိသားစု၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမိသားစု၊ အားကစားနှင့်ကာယပညာဦးစီးဌာန မိသားစု၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမိသားစု၊ လူမှုဝန်ထမ်းဦးစီးဌာနမိသားစုတို့၏ စုပေါင်းဖျော်ဖြေရေးရေကစားမဏ္ဍပ်၌ အခြေခံပညာအထက်တန်းကျောင်းသူ ယိမ်းအဖွဲ့လှပျိုဖြူလေးများ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနတို့၏ စုပေါင်းရေကစားမဏ္ဍပ်၊ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၊ ပို့ဆောင်ရေးမိသားစု အတာရေသဘင်မဏ္ဍပ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးစသည်တို့၏ စုပေါင်းရေကစားမဏ္ဍပ်တို့သို့ သွားရောက်၍ ဌာနဆိုင်ရာ ကိုယ်စားပြုယိမ်းအဖွဲ့များ၏ ဖျော်ဖြေမှုများ၊ ခေတ်ပေါ်တေးဂီတအဖွဲ့၏ ဖျော်ဖြေမှုများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာသင်္ကြန် ဒုတိယအကြတ်နေ့ ရေသဘင်ပွဲ ရန်ကုန်မြို့ပြည်သူများ ပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၅

၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းလုံး ပျော်ရွှင်စွာ ဆင်နွှဲနေကြပြီဖြစ်သည်။ ရန်ကုန်မြို့ရှိ မြို့နယ်အသီးသီးမှ ပြည်သူများသည်လည်း ယနေ့သင်္ကြန် ဒုတိယ အကြတ်နေ့ကို အေးချမ်းပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲကြသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်၌ မြို့တော်စည်ပင် ဝန်ထမ်းမိသားစုက ရေသဘင်ပွဲကို ပျော်ရွှင်စွာဆင်နွှဲလျက်ရှိကြပြီး နံနက်ပိုင်းတွင် ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့၏ လေးဝတီယိမ်း၊ ကရင်ရိုးရာယဉ်ကျေးမှု အဖွဲ့၏ ကရင်ရိုးရာဒုံးယိမ်းတို့အပါအဝင် ယိမ်းအဖွဲ့ ၁၇ ဖွဲ့နှင့် ညနေပိုင်းတွင် ဗဟန်းရွှေဂုံတိုင် ကလေးပြုစုရေးဌာန၏ ရွှေဂုံမေယိမ်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ယိမ်းတို့ အပါအဝင် ယိမ်းအဖွဲ့ ၁၅ ဖွဲ့တို့က လည်းကောင်း၊ ညပိုင်းတွင် တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၊ တူးတူး၊ ဘိုဘိုဟန်၊ ဂျေမောင်မောင်၊ အောင်လ၊ မျိုးသန္တာထွန်း၊ ဟေမာနေဝင်း၊ ရှင်ဖုန်းတို့က Aurora တေးဂီတအဖွဲ့နှင့် တွဲဖက်ကာ တေးသီချင်းများဖြင့် လည်းကောင်း ဖျော်ဖြေကြသည်။

ယမန်နေ့ညက ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ခေါင်းဆောင် မင်းသမီး ဂွ္ဗန်သွယ်အောင်၊ လူရွှင်တော် ဝက်မ၊ လန်ဒန်၊ မင်းလှိုင်၊ ငွေစိုး၊ ချက်ကြီး၊ ဖိုးသဲနှင့် စိစိတို့ပါဝင်သော အနုပညာ လွင်ပြင်အငြိမ့်အဖွဲ့က ည ၁၁ နာရီထိ ဖျော်ဖြေခဲ့ရာ အငြိမ့်ချစ်သူများ နှစ်ခြိုက်စွာ အားပေးခဲ့ကြသည်။

ယနေ့တွင် ကားကြီးကားငယ် အသီးသီးဖြင့် ရေပက်ခံထွက်ကြသူများ၊ တစ်ဦးချင်းရော အဖွဲ့လိုက် လမ်းလျှောက်၍ ရေပက်ခံထွက်ကြသူများ ဖြင့်ပါ ယမန်နေ့ကထက် ပိုမိုစည်ကားပြီး ရေပက်မဏ္ဍပ်များကလည်း သင်္ကြန် တေးသီချင်းများ၊ ခေတ်ပေါ်မြူးမြူး ကြွကြွတေးသီချင်းများဖြင့် ဖျော်ဖြေ၍ ပျော်ရွှင်စွာ ရေပက်ကစားကြသည်ကို တွေ့ရသည်။

မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီ လမ်း၌ မင်းသားကြီး၊ ရွှေဦးသင်္ကြန်၊ ခါရွှေဦး၊ ပဥ္စလက်၊ ပိတောက်မြိုင်ယံ မဏ္ဍပ်များ၊ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမင်္ဂလာဈေးရှေ့၌ ရွှေတြိဂံ မဏ္ဍပ်၊ ယာဉ်မောင်းသင်ကွင်း၌ ရခိုင် ရိုးရာသင်္ကြန်ရေသဘင်မဏ္ဍပ်၊ အထက် ပုဇွန်တောင်လမ်း၌ သံစဉ်တေး၊ ဗညား ဒလလမ်း၌ သပြေမောင်မောင်၊ ဒေါပုံ မြို့နယ် ယမုံနာလမ်းမကြီး၌ ဝါဆိုနှင့် အနာဂတ်ကြယ်ပွင့်လေးများ၊ မင်းနန္ဒာ လမ်း၌ ပိတောက်၊ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၄၈)လမ်းထောင့်၌ ပိတောက်မြိုင်၊ (၄၃)လမ်းထောင့်၌ ပိတောက်ရိပ်၊ အနော်ရထာလမ်းနှင့် (၄၈) လမ်းထောင့်၌ ရွှေမြန်မာ၊ သဃ်န်းကျွန်း မြို့နယ် သံသုမာလမ်း၌ ချမ်းသာရွှေမြ၊ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်း လမ်း၌ ကျော်၊ ရွှေဘုံသာလမ်း၌ ရတနာ သူနှင့် အကဲလေး၊ အလုံ အောက်ကြည့် မြင်တိုင်လမ်း၌ မြန်မာ့ဆိပ်ကမ်း အာဏာ ပိုင်မိသားစုနှင့် ရန်ကုန်မြို့တော် လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့မိသားစု၊ ဗဟန်း မြို့နယ် အရှေ့ရွှေဂုံတိုင်လမ်း၌ ချောကလျာမိသားစုနှင့် ဦးချစ်မောင် လမ်း၌ နွေရာသီမိုး၊ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်း၌ ထွန်း အီလက် ထရွန်နစ်၊ ဂရိတ်ဝေါ၊ SKY NET ရုပ်သံနှင့် ရွှေ FM ရေဒီယို ရေသဘင် မဏ္ဍပ်နှင့် ကန်တော်ကြီး ကန်ပတ်လမ်းရှိ ရေသဘင်မဏ္ဍပ်များ၌ ပြည်သူများသည် မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာပါဝင် ဆင်နွှဲကြရာ အထူးစည်ကားလှသည်။

ထို့အတူ သာကေတမြို့နယ် ဇရာဝဏ် လမ်းထိပ်ရှိ ရန်ကုန်အရှေ့ပိုင်းခရိုင် ကိုယ်စားပြု ဗဟိုရေကစားမဏ္ဍပ်၊ အလုံမြို့နယ် ကမ်းနားလမ်းနှင့် အလုံ လမ်းထောင့်ရှိ ရန်ကုန်အနောက်ပိုင်းခရိုင် ကိုယ်စားပြု ဗဟိုရေကစားမဏ္ဍပ်၊ သန်လျင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံးအနီးရှိ ရန်ကုန်တောင်ပိုင်းခရိုင် ကိုယ်စားပြု ဗဟိုရေကစားမဏ္ဍပ်နှင့် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းလမ်း ဆုံရှိ ရန်ကုန်မြောက်ပိုင်းခရိုင်ကိုယ်စားပြု "ရွှေရည်နံ့သာ" ဗဟိုရေကစားမဏ္ဍပ်တို့၌ လည်း နံနက်ပိုင်းမှစ၍ ပြိုင်ပွဲဝင်ယိမ်း အဖွဲ့များက ပြိုင်ပွဲဝင်ရင်း ပြည်သူများ အား အဆို၊ အက တေးသီချင်း၊ သံချပ် များဖြင့် ဖျော်ဖြေကြသည်။

မွန်းလွဲပိုင်းတွင် ကန်တော်ကြီး ဗိုလ်ချုပ်ပန်းခြံ၊ အင်းလျားကန်၊ ပြည်သူ့ ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၊ ကရဝိက် ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်တို့၌အနားယူ အပန်းဖြေကြသူများကို တွေ့ရပြီး ဘုရား ကျောင်းကန်၊ ဓမ္မာရုံဘုန်းတော်ကြီး ကျောင်းများ၌ ဥပုသ်သီလဆောက် တည်ကြသူများ၊ အလှူဒါနပြုကြသူများ၊ လမ်း၊ ရပ်ကွက်၊ မြို့နယ်၊ အိမ်များ၌ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများ၊ မြန်မာ့ရိုးရာမုန့်မျိုးစုံတို့ဖြင့် ဒါနပြုကြသူ များဖြင့် စည်ကားလျက်ရှိသည်ကိုလည်း တွေ့ရသည်။

(သတင်းစဉ်)

မဟာသင်္ကြန် ဒုတိယအကြတ်နေ့က ရန်ကုန်မြို့ အနော်ရထာလမ်းတွင် ရေကစားသူများ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန် ဒုတိယအကြတ်နေ့က အလုံ အောက်ကြည့်မြင်တိုင်လမ်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မိသားစု ရေကစားမဏ္ဍပ်တွင် ရေကစားသူများ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

သာသနာ့ဘောင်သို့ ချီးမြှင့်သွတ်သွင်းသည့် အလှူတော်မင်္ဂလာ ကျင်းပ

ရန်ကုန် ဧပြီ ၁၅

ရန်ကုန်မြို့နေ ဦးဇော်ဝင်း-ဒေါ်စန်းမြင့်မြင့် မိသားစုတို့က တတိယအကြိမ်မြောက် မဟာသင်္ကြန်ကာလ တရားစခန်းဝင် တရားအားထုတ်ကြမည့် ရဟန်း ၁၂ ပါး၊ သီလရှင်နှစ်ပါး စုစုပေါင်း ၁၄ပါးတို့အား သာသနာ့ဘောင်သို့ ချီးမြှင့်သွတ်သွင်းသည့် အလှူတော် မင်္ဂလာကို ဧပြီ ၁၁ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၁၆ ရပ်ကွက် သာသနာဒီပသဲအင်းဂူကျောင်း တိုက်၌ ကျင်းပသည်။

ယင်းအလှူတော်မင်္ဂလာတွင် ဆောက် လုပ်ဆဲ သုံးထပ်ယောဂီဆောင်ကြီး အတွက် ဦးဇော်ဝင်း-ဒေါ်စန်းမြင့်မြင့်နှင့် ညီအစ်ကိုမောင်နှမ ဓမ္မမိတ်ဆွေများက စုပေါင်းအလှူတော်ငွေကျပ် ၁၈သိန်းကို အသီးသီးပေးအပ်လှူဒါန်းကြပြီး ကျောင်းရှိ သံဃာတော်နှင့်ယောဂီများအား နေ့ဆွမ်း ဆက်ကပ်ကာ**(ဝဲပုံ)** ကြွရောက်လာကြ သည့် ဧည့်သည်တော်များအားနံနက်စာ ဖြင့် တည်ခင်းဧည့်ခံသည်။

၎င်းဆောက်လုပ်ဆဲယောဂီဆောင်ကြီး အတွက် အလှူငွေပါဝင်လှူဒါန်းလို ကြသည့် ဓမ္မမိတ်ဆွေများသည် သာသနာ ဒီပသဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာ ကျောင်းတိုက် ၁၆ ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၄၉၉၄၄ သို့ ဆက်သွယ်လှူဒါန်း နိုင်သည်။ (ကြေးမုံ)

လမ်း၊ တံတားအသုံးပြုခကောက်ခံခြင်း စနစ်တကျဆောင်ရွက်နေမှုများကို ယာဉ်ပိုင်ရှင်များနှင့် ပြည်သူများ သိရှိနိုင်ရန် ထုတ်ပြန်ကြေညာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်း၊ တံတား အသုံးပြုခများ လျှော့ကျရေးနှင့် သတ်မှတ်အလေးချိန်ထက် ပိုမိုတင်ဆောင်သော(တန်ပို)ယာဉ်များပပျောက်၍ ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး သယ်ပို့စရိတ် ကျဆင်းစေနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လမ်း၊ တံတား အသုံးပြုခများကို သတ်မှတ်ထားသည့် နှုန်းထားအတိုင်းသာ ကောက်ခံရန် "လမ်း"အသုံးပြုခကောက်ခံခွင့်ပြုရာတွင် ယခင်နှစ်များနှင့်မတူ လမ်းဂိတ်များအလိုက် စနစ်တကျစုဖွဲ့ စံနှုန်းကောက်ယူပြီး သက်ဆိုင်ရာဂိတ်အလိုက် တစ်နှစ်ဝင်ငွေ၏ ၈၀ ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးသွင်းပြီး ကျန် ၂၀ ရာခိုင်နှုန်းကို လုပ်ကိုင်ခွင့်ရရှိသူမှ ခံစားစေနိုင်ရန် "တံတား"အသုံးပြုခကို သတ်မှတ်ချက်အတိုင်း ကောက်ခံ၍ တစ်နှစ်ဝင်ငွေ၏ ၈၅ ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းပြီး ၁၅ ရာခိုင်နှုန်းကို လုပ်ကိုင်ခွင့်ရရှိသူမှ ခံစားစေနိုင်ရန် ဆောင်ရွက်ထားသည်။

လမ်းနှင့် တံတားအသုံးပြုခ ပိုမိုကောက်ခံမှုများ မဖြစ်ပေါ်စေရန် ယခင်နှစ်များကဲ့သို့ လေလံပစ်၍ ဈေးနှုန်းတိုးမြှင့် ပေးသွင်းခြင်းမပြုစေတော့ဘဲ သတ်မှတ်ကြမ်းခင်းဈေးအတိုင်းတာ မဲနှိုက်၍ ဦးစားပေးစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုခဲ့သည်။

လမ်း၊တံတားအသုံးပြုခများကို သတ်မှတ်ထားသည့် နှုန်းထားအတိုင်းသာ ကောက်ခံရမည်ဖြစ်၍ လမ်း၊ တံတား အသုံးပြုခပေးဆောင်ရခြင်းများ ယခင်ကထက် များစွာလျှော့ကျကာ သယ်ပို့စရိတ်များလည်း လျှော့ကျသွားမည်ဖြစ်သည်။

မော်တော်ကားပိုင်ရှင်များသည် သတ်မှတ်ခွင့်ပြုအလေးချိန်အတိုင်းသာ ကုန်တင်ပို့ဆောင်ပါက မည်သည့်ဂိတ်တွင်မဆို တန်ပိုအတွက် ကတ္တားချိန်ရန်မလိုဘဲ သွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများ မြန်ဆန်လျက် သယ်ပို့စရိတ်ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်နိုင်မည်မဟုတ်ပါ။

လမ်း၊ တံတားအသုံးပြုခကောက်ခံသည့် ဂိတ်များမှ သတ်မှတ်နှုန်းထက် ပိုမိုကောက်ခံကြောင်း စစ်ဆေး တွေ့ရှိပါက သုံးရက်အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့် ပြန်လည်ရုပ်သိမ်းပြီး ဦးစားပေးအလိုက် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား လုပ်ငန်း လွှဲပြောင်းလုပ်ကိုင်စေလျက်ရှိသည်။

ယခုရက်ပိုင်းအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဥရုချောင်းတံတားဂိတ်သည် သတ်မှတ်နှုန်းထက် ပိုမိုကောက်ခံသဖြင့် ၄-၄-၂၀၁၂ ရက်နေ့ ၂၄း၀၀ နာရီတွင်လည်းကောင်း၊ ရှမ်းပြည်နယ်၊ အောင်ပန်း-ပင်လောင်းလမ်းရှိ အောင်ပန်းဂိတ်သည် သတ်မှတ်နှုန်းထက် ပိုမိုကောက်ခံသဖြင့် ၁၀-၄-၂၀၁၂ ရက်နေ့ ၂၄း၀၀ နာရီတွင်လည်းကောင်း လုပ်ကိုင်ခွင့်များ ပြန်လည်ရုပ်သိမ်းပြီး ဒုတိယဦးစားပေးလုပ်ကိုင်ခွင့်ရရှိသူများအား လွှဲပြောင်းလုပ်ကိုင်စေခြင်းကို ၅-၄-၂၀၁၂ ရက်နေ့နှင့် ၁၁-၄-၂၀၁၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့သည်။

သို့ဖြစ်ပါ၍ ဝန်ကြီးဌာနမှ ဂိတ်ကြေးများမမြင့်အောင် ဆောင်ရွက်ပေးထားပြီးဖြစ်ပါသဖြင့် ယာဉ်ပိုင်ရှင်များဘက်မှလည်း သတ်မှတ်ကုန်တန်ချိန်အတိုင်းသာ တင်ဆောင်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန

ဖျော်ဖြေကပြ

ရန်ကုန်မြောက်ပိုင်းခရိုင် ဗဟို ရေကစားဆုပေးမဏ္ဍပ်၌ မြို့နယ် အသီးသီးမှ မြန်မာ့ရိုးရာသင်္ကြန်ယိမ်း အကအလှများဖြင့် ပြိုင်ပွဲဝင်များ ဖျော်ဖြေကပြနေစဉ်။

(၆၈၆)

ဧပြီ ၁၅ ရက် (သင်္ကြန်ဒုတိယ အကြတ်နေ့)က ရန်ကုန်အရှေ့ပိုင်း ခရိုင် သာကေတမြို့နယ် (ကျောက်တိုင်ထိပ်) အရှေ့ပိုင်းခရိုင် မြန်မာ့ရိုးရာ မဟာသင်္ကြန် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်တွင် ပြည်သူများအား လာရောက်သီဆို ဖျော်ဖြေသော ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် တင်မောင်ဆန်းမင်းဝင်းအား သာကေတ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစန်းမင်း ဂုဏ်ပြုချီးမြှင့်စဉ်။

(၅၀၆)

ဆူညံအိတ်ဇောတပ် ဆိုင်ကယ်များ ဖမ်းဆီးထိန်းသိမ်းအရေးယူ

မန္တလေး ဧပြီ ၁၅

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သင်္ကြန်ပွဲတော်အတွင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောဖြုတ်၍ မောင်း နှင်ခြင်း၊ ဆူညံသော အိတ်ဇောများတပ်ဆင်၍ မောင်းနှင်ခြင်းများအား စစ်ဆေးကာ သင်္ကြန်ပွဲတော်ကာလအတွင်း ခေတ္တသိမ်းဆည်းထားပြီး မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၂)အရ အရေးယူခဲ့သည်။ ခေတ္တဖမ်းဆီးထိန်းသိမ်းထားသော မော်တော်ဆိုင်ကယ်များ လာရောက်ရွေးယူသည့် အခါ ပိုင်ဆိုင်ကြောင်း ကမ(၃)စာအုပ်၊ မူလအသံလုံအိတ်ဇောများ ပြောင်းလဲတပ်ဆင် စေပြီး ပိုင်ရှင်သို့ လွှဲပြောင်းပေးကြောင်း သိရသည်။ (သီဟကိုကို)

သင်္ကြန်မို့လို့ပေါ့ဗျာ . . .

သင်္ကြန်အကြိုနေ့

ရုံးကို နံနက် ၉ နာရီ ရောက်ရမည်ဟူသောအသိဖြင့် နံနက် ၇ နာရီကျော်ကတည်းက အိမ်ကထွက်သည်။ ၁၀ မိနစ်အတွင်း မှတ်တိုင်သို့ ရောက်သည်။ ခရီးစရိတ်သက်သာလို၍ လိုင်းကားကို စောင့်၍ စီးမည်ဟု ဆုံးဖြတ်ထားသည်။ နံနက် ၇ နာရီခွဲအထိ လိုင်းကားတစ်စီးမှ မလာ။ ၈ နာရီအထိ မလာ၊ ကြားကားမိနီဘတ်စ်များက တစ်စီးဝင် တစ်စီးထွက်ဖြင့် ခရီးသည်များကို သွက်လက်စွာ မောင်းနှင်ပို့ဆောင်ပေးနေသည်။ ၈ နာရီခွဲအထိ လိုင်းကားတစ်စီးမှမလာ။ သို့နှင့် နောက်ကျမည်စိုး၍ မိနီဘတ်စ်ကြားကားကိုသာ စီးလိုက်ရသည်။

မိမိစတင် စီးနင်းရသည့်မှတ်တိုင်မှ သိမ်ဖြူလမ်း စိန်ပေါလ်မှတ်တိုင်အထိ ကားခမှာ ကျပ် ၅၀ ဖြစ်သည်။ သင်္ကြန်မို့လို့ နှစ်ဆလောက်သာ ကားခပိုပေးရမည်အထင်ဖြင့် ငွေတစ်ရာတန် တစ်ရွက်ကို ကြိုတင်ထုတ်ထားပြီး ကားပေါ်ရောက်ရောက်ချင်း မိမိက ဟန်မာန်အပြည့်ဖြင့် ယာဉ်နောက်လိုက်ကို ကမ်းပေးလိုက်သည်။

"ဦးလေး ဘယ်လဲ"

"စိန်ပေါလ်"

"စိန်ပေါလ်ဆို နှစ်ရာပါ"

"ဟ ညီလေးရာ. . ကိုယ်က ဒီမှတ်တိုင်ကတက်တာ. . စိန်ပေါလ်မှတ်တိုင်ထိပဲလေ"

"ဟုတ်ပါတယ်ဦးလေး. . သင်္ကြန်မို့လို့လေ. . စိန်ပေါလ်ထိ နှစ်ရာပါ. . . စိန်ပေါလ်ကျော်ရင်သုံးရာ" ဆိုသဖြင့် ၅၀ တန်ခရီးကို ကျပ်နှစ်ရာ ပေးလိုက်ရသည်။

ညနေ ၆ နာရီ အိမ်အပြန်လိုင်းကားမရှိခြင်းကြောင့် အိမ်အပြန်တွင် မိနီဘတ်စ်ကိုပဲ အားကိုးကာ ကျပ်နှစ်ရာဖြင့် ပြန်ခဲ့ရပြန်သည်။

သင်္ကြန်အကျနေ့

နံနက်ရုံးသို့ အချိန်မီရောက်ရန် ကြို၍အိမ်ကထွက်သည်။ လိုင်းကားကို ၁ နာရီမျှ မှတ်တိုင်၌ စောင့်သည်။ လိုင်းကားတစ်စီးမှမလာ၊ မတွေ့။ သို့နှင့် ကြားကား မိနီဘတ်စ်ကို ၂၀၀ ကျပ်ဖြင့် ခရီးနှင်ခဲ့ရပြန်သည်။ ညနေပိုင်း အိမ်အပြန် ၆ နာရီခွဲ စိန်ပေါလ်မှတ်တိုင်၌ လိုင်းကားတစ်စီးမှ မရောက်လာသော်လည်း ကြားကားများ တစ်စီးဝင် တစ်စီးထွက် ခရီးသည်များ အပြည့်အကျပ်ဖြင့် အလုပ်ဖြစ်နေသည်။ ကြားကားမိနီဘတ်စ်တစ်စီး ရောက်လာသည်။

"ဟိုနားဒီနား ၂၀၀၊ တာမွေအထိ ၂၀၀၊ တာမွေကျော်ရင် ၄၀၀၊ စံပြဈေး ကျော်ရင် ၆၀၀၊ တောင်ဒဂုံထိ ၆၀၀၊ ပြောပြီးသားနော်. . ကားပေါ်ရောက်မှ ဂဂျီဂဂျောင်မလုပ်နဲ့ ဒါပဲ"

ယာဉ်နောက်လိုက်၏ သတိပေးသံဖြစ်သည်။ မိမိတို့ခရီးသည်များ ခေါင်းပုသွားကြသည်။ မသွားမဖြစ်၊ မပြန်မဖြစ်သူများဖြစ်၍ သူတို့ကိုပင် အားကိုးရပြန်သည်။

သင်္ကြန်ပထမအကြတ်နေ့

နံနက်ပိုင်း မိမိစီးနင်းသည့်အချိန်တွင် လိုင်းကားတစ်စီးမှ မတွေ့ပါ။ ယခင်နေ့များက အသွား ကျပ် ၂၀၀၊ အပြန် ကျပ် ၂၀၀ ခရီးကို ယနေ့ နံနက်ပိုင်းတွင် တာမွေ-စိန်ပေါလ်-မော်တင် ထိ ကျပ် ၃၀၀ ဖြစ်သွားသည်။ ညပိုင်းအပြန်တွင် ဒီထက်လျှော့နည်းသွားဖို့ မရှိသည်မှာ သေချာသည်။ မည်သူက တားမည်နည်း။

သင်္ကြန်ကာလအတွင်း ယာဉ်စီးခရီးသည်များတွင် ဘုရားသွား ဥပုသ်သီလ ဆောက်တည်ကြမည့်သူများပါသည်။ လူမှုရေး၊ သာရေးနာရေး ပေါ်လာ၍ မသွားမဖြစ်ခရီးကို သွားရသူများလည်း ပါသည်။ နှစ်သစ်ကူး ရုံးပိတ်ရက်ဖြစ်သော်လည်း နေ့စဉ်မပြတ် စာနယ်ဇင်းဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူများလည်း ပါသည်။ လိုင်းကားစီးပြီး သင်္ကြန်ရေပက်ခံ ထွက်ကြသူများလည်း ပါသည်။

သက်ဆိုင်ရာက မဟာသင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်မြို့တွင်း ယာဉ်လိုင်း ၁၉၁ လိုင်း၊ ယာဉ်စီးရေ ၂၅၉၀ ကို ဧပြီ ၁၂ ရက်မှ ၁၆ ရက်ထိ နေ့စဉ် နံနက် ၆ နာရီမှ ည ၆ နာရီအထိ ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ယာဉ်စီးခနှုန်းထားများမှာ မူလသတ်မှတ်ထားသော နှုန်းထားအတိုင်းသာဖြစ်ကြောင်း၊ ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် ရန်ကုန်မြို့တွင်း ပြေးဆွဲသည့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းအားလုံး ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

သို့သော်. . . မဟာသင်္ကြန်ပထမအကြတ်နေ့ အထိပင် မိမိစီးနင်းရမည့် (တောင်ဒဂုံ-သဃ်န်းကျွန်း-တာမွေ-မော်တင်) ယာဉ်လိုင်းတွင် မိမိစီးနင်းရသည့်အချိန်၌ လိုင်းကားတစ်စီးမျှ မတွေ့ရပါ။ (အခြားလိုင်းတွင် လိုင်းကားများ ရှိကောင်းရှိနိုင်ပါမည်။) ကြားကား မိနီဘတ်စ်ဖြင့် အသွားအပြန်ကျပ်နှစ်ရာ၊ သုံးရာဖြင့် ခရီးနှင်ခဲ့ရသည်။ မည်သည့်တာဝန်ရှိသူကမျှ စစ်ဆေးမေးမြန်း စိစစ်ကြပ်မတ် ထိန်းသိမ်းခြင်း မရှိပါ။ မိမိတို့ခရီးသည်များအပေါ် မည်သည့်ဝန်ဆောင်မှုကိုမျှ ပေးလာသည်ကို မတွေ့ရပါ။

"သင်္ကြန်မို့လို့ပေါ့ဗျာ" ဟူသော အကြောင်းပြချက်ဖြင့် ယာဉ်စီးခအား စိတ်ကြိုက်တောင်းနေကြသည်ကို ကိုယ်တွေ့ခံစားခဲ့ရသည်။ တစ်နှစ်တည်းမဟုတ် နှစ်စဉ်ပင်ဖြစ်သည်။

"သင်္ကြန်မို့လို့ပေါ့ဗျာ". . . . ဟူ၍ သင်္ကြန်ကို အကြောင်းပြုပြီး ကုန်စိမ်း၊ ကုန်ခြောက်ဈေးသည် ကြီး/ငယ် များကလည်း ကုန်ဈေးနှုန်းများ တင်ရောင်းကြသည်။ စားသုံးသူများ၊ ခရီးသည်များကို ထောက်ထားညှာတာစေလိုပါသည်။ ကိုယ်ကျိုးအတွက်သာ မကြည့်သင့်ပါ။ နှစ်သစ်မှာ စိတ်ဓာတ်အားမာန်အသစ်ဖြင့် မင်္ဂလာယူစေလိုကြောင်းပါဗျာ။ (ကိုချစ်)

မန္တလေးမြို့ဂုဏ်ဆောင် ငွေငန်းမြို့မ လှည့်လည်ဖျော်ဖြေ

မန္တလေး ဧပြီ ၁၅

မန္တလေးမြို့ဂုဏ်ဆောင် မြို့မတေးဂီတအဖွဲ့သည် အစဉ်အလာမပျက် ငွေငန်းအလှပြသင်္ကြန်ကားကြီးဖြင့် သင်္ကြန်အကြိုနေ့မှ စတင်ကာ မဟာမြတ်မုနိဘုရားကြီးအား ဦးခိုက်ကန်တော့ကာ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ၌ ခရိုင်ကိုယ်စားပြု အလှပြယာဉ်များအား ဦးဆောင်ကာ ဖျော်ဖြေခဲ့ပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့သူ မဏ္ဍပ်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း မဏ္ဍပ်များ၌ ဖျော်ဖြေကာ မန္တလေးခရိုင် ငါးမြို့နယ်ရှိ မြို့မမိတ်ဆွေများ နေအိမ်များသို့ လှည့်လည်ဧည့်ခံဖျော်ဖြေလျက်ရှိကြောင်းသိရသည်။(ကြေးမုံ)

သာကေတမြို့နယ် ရေကစားမဏ္ဍပ်တွင် ယိမ်းအဖွဲ့များ ကပြဖျော်ဖြေနေသည်ကို သင်္ကြန်အကြတ်နေ့က တွေ့ရစဉ်။
(ကြေးမုံ)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက် လုပ်ငန်းသုံးသတင်းစာစက္ကူဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံး သတင်းစာစက္ကူများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) Newsprint Paper (48.8 Gsm)(30")High Bright 1400 တန်

(ခ) Newsprint Paper (48.8 Gsm)(30") 2000 တန်

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၂၄-၄-၂၀၁၂)ရက်မှ (၂၉-၄-၂၀၁၂) ရက်နေ့အထိ နေ့စဉ် (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၃၀-၄-၂၀၁၂)ရက်နေ့ (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၁၂၃၂၇၊ ၀၁၂၃၂၃

TIGER BALM

THUKHA DANA

Vacancy Announcement
(For Local Service Only)

Thukha Dana Co., Ltd. a well established pharmaceutical company, is looking for candidates of highly motivated, team players and qualified individuals to join the company expansion programs (Consumer products - Tiger Balm) for the following positions:

Business Development Manager — Male/Female (1) Post
* Age between 30 and 40 years old.
* MBA degree holder is preferred. Must have market analytic skills, leadership skills, managing skills. At least 5 years experience in Consumer products marketing field.
* Fluency in written and spoken English. Computer literate.

Merchandising Manager — Male/Female (1) Posts
* Age between 30 to 40 years old
* Must be a degree holder. Must have at least 3 years experience in Consumer Products field.
* Must be interested in promotion and advertising field. Good dealing skill with customer is needed.
* Computer literate.

Marketing Executive — Yangon - Male/Female (10) Posts Mandalay - Male/Female (5) Posts
Each branches for Myitkyina, Lashio, Taunggyi, Nay Pyi Taw, Magwe, Taungoo, Pyay, Pathein, Myeik and Mawlamyaing — Male/Female (2) Posts
* Age between 20 to 30 years old
* Must be a degree holder. Must have at least 2 years experience in Consumer products marketing field.
* Must be interested in Promotion and advertising. Good dealing skill with customer is needed.
* Computer Literate

Merchandising Assistant — Male/Female (5) Posts
* Age between 20 to 30 years old
* Must be a degree holder. Must have at least 2 years experience in Consumer products marketing field.
* Must be interested in Promotion and advertising. Good dealing skill with customer is needed.
* Computer Literate

Sales Representative
Each branches for Myitkyina, Lashio, Taunggyi, Nay Pyi Taw, Magwe, Taungoo, Pyay, Pathein, Myeik and Mawlamyaing — Female (10) Posts
* Age between 20 to 30 years old.
* Must be degree holder. Must have at least 2years experience in Consumer products field.

All candidates above must have:
* Good communications skills, Good interpersonal skills. Able to work with team, can take responsibility.
* Be energetic and highly motivated. Able to travel the provinces.

Interested Candidates can submit CV with 2 recent photos, copies of relevant qualifications, Labor Registration, Copy of NRC, within two weeks of this announcement to the following address: (Only the person who meets the above criteria will be informed to interview).

Thukha Dana Co., Ltd. E-mail: sales@thukhadana.com.mm

Yangon: No.(84), 12th St, Lanmadaw T/S, Mandalay: No (141,) 34th St, 78th + 79th St, Chan Aye Thar Zan T/S, Taungoo: No.(2/307), Bo Hmu Phoe Kun St, In front of Kandawgyi, Myitkyina: No.(B/2), Nawarat Construction Bld, Sumparabum St, Lashio: No.(69), Theinni St, Qtr(2), Mawlamyaing: No.(381-A), Lower Main Rd, Mayangone Qtr. Pathein: No.(12-A), Mahabandoola St, Pyay: No.(1/2) Kan St, In front of Tun Thiri Cinema, Myeik: No.92(B), Bogyoke St, Seitnge Blk, Magway: No.(44), Myoma 6th St, Myoma Oh Bo Qtr. Pyinmana: No.(6/3), Bogyoke St, Mingalar Qtr. Taunggyi: No.(273), Zawtika St, Thit Taw Qtr.

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန် နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပါဝင်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ယနေ့(သင်္ကြန်အကြတ်နေ့) နံနက်ပိုင်းတွင် ၁၃၇၃ ခုနှစ် နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်ဇနီးတို့သည် နေပြည်တော် မြို့တော်ခန်းမရှေ့ရှိ နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိကြပြီး ဝန်ကြီးဌာနများ၊ ကုမ္ပဏီများနှင့် ဟိုတယ်များမှ ယိမ်းအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များ၏ ခါသင်္ကြန်တေးများဖြင့် ကပြသီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးတို့သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဦးစိုးဝင်း၊ ဒေါက်တာကံဇော်၊ ဦးဝင်းရှိန်နှင့် ဦးဌေးအောင်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ သီဆိုကပြဖျော်ဖြေကြသည့် တေးသံရှင်များ၊ ယိမ်းအဖွဲ့ဝင်များနှင့် တေးဂီတအဖွဲ့ဝင်များအား အတာရေများပက်ဖျန်းပေးကြပြီး ယိမ်းအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများချီးမြှင့်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ဟိုတယ်ဇုန်ရှိ Sky Net မိသားစု စတုဒိသာမဏ္ဍပ်သို့ရောက်ရှိကြပြီး လာရောက်ရေကစားကြသည့်ပြည်သူများအား နေ့လယ်စာဖြင့် ကျွေးမွေးညှဉ့်ခံနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လာရောက်သုံးဆောင်နေကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါ စတုဒိသာမဏ္ဍပ်တွင် ဧပြီ ၁၂ ရက် သင်္ကြန်အကြိုနေ့မှစတင်၍ နေ့စဉ်နေ့လယ်စာနှင့် ညနေစာ ထမင်း၊ ဟင်းများ၊ အချိုရည်နှင့် ရွှေရင်အေးများကို စတုဒိသာအဖြစ် ကျွေးမွေးလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် Sky Net မိသားစု ရေကစားမဏ္ဍပ်၌ **စာမျက်နှာ ၈ ကော်လံ ၄ သို့** ☆

အတာရေပက်ဖျန်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ကပြသီဆိုဖျော်ဖြေကြသည့် ယိမ်းအဖွဲ့များအား အတာရေများ ပက်ဖျန်းကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မဟာသင်္ကြန် ဒုတိယအကြတ်နေ့တွင် သင်္ကြန်ချစ်သူပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၅

နေပြည်တော် မဟာသင်္ကြန် ဒုတိယအကြတ်နေ့ဖြစ်သည့် ယနေ့တွင် သင်္ကြန်ချစ်သူပြည်သူများသည် နံနက်ပိုင်းမှစတင်၍ နှစ်သစ်ကူး အတာရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲကြသည်။ မဟာသင်္ကြန်ပွဲတော်အထိမ်းအမှတ်ဖြစ်သည့် ပိတောက်နှင့် ငုပန်းတို့သည်လည်း နေပြည်တော်တစ်ခွင်လုံး၌ ပင်လုံးကျွတ်မျှဝေဆာ ပွင့်လန်း၍ မဟာသင်္ကြန်ကို ထပ်ဆင့်၍ အလှဆင်ပေးလျက်လည်း ရှိသည်။

နေပြည်တော် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ ဟိုတယ်ဇုန်ရေကစားမဏ္ဍပ်များ၌ ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို လာရောက်ကြည့်ရှုကြသူများနှင့် ရေပက်ခံထွက်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသကဲ့သို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့၌လည်း အတာရေသဘင်ပွဲဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၊ နေပြည်တော်ရေပန်းဥယျာဉ်၊ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ လှေခွင်းတောင်နှင့် ကျွဲရှင်းကျေးရွာအနီးရှိ ငလိုက်ရေလျှောင်တမံတို့၌ အသင်းအဖွဲ့အလိုက်၊ မိသားစုအလိုက် လာရောက်အနားယူအပန်းဖြေကြသူများမှာ တိုးမပေါက်အောင် စည်ကားလှသည်။

ဟိုတယ်ဇုန်ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ရက်များအတွင်း စတုဒိသာမဏ္ဍပ်ဖွင့်လှစ်၍ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

ပျော်ရွှင်စွာ ရေကစား

နေပြည်တော် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ ဟိုတယ်ဇုန် ရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်စွာရေကစားနေကြစဉ်။ (သတင်းစဉ်)

ယနေ့ သတင်း အညွှန်း

မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ရေသဘင်ပွဲ နိုင်ငံတစ်ဝန်း ပျော်ရွှင်စွာ ခြိမ့်ခြိမ့်သဲဆင်နွှဲ စာမျက်နှာ - ၇

မောင်နေမွန်၏ နှစ်ဦးချိန်ခါ ကဗျာ စာမျက်နှာ - ၉

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ မော်လမြိုင်မြို့၌ တွေ့ဆုံဆွေးနွေး သတင်း စာမျက်နှာ - ၅